# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၅)


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းထုတ်ပြန်ချက်

# (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့် ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချ

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ရာ အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)တွင် ဖော်ပြချက်နှင့် သိသာထင်ရှားစွာ သွေဖည်နေသဖြင့် မြန်မာနိုင်ငံမှကိုယ်စားလှယ် တက်ရောက်ခဲ့ခြင်းမရှိပါ။

မြန်မာနိုင်ငံသည် တူညီဆန္ဒ(၅)ချက်ကို တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် လက်ခံခဲ့ပါသည်။ ယင်းသို့လက်ခံစဉ်ကလည်း မြန်မာနိုင်ငံ၏ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် အာဆီယံပဋိညာဉ်စာတမ်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍


**ယနေ့ ဖတ် စ ရာ**

**သမိုင်းတစ်ကွေ့ အတွေ့အကြုံတစ်ရပ် ကောင်းစွာ ယူတတ်ပါစေ ...**
ဆောင်းပါး စာ-၆

**နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမားလေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ် ဘာကြောင့် ပေးရသလဲ**
ဆောင်းပါး စာ-၈

**ရက်ပေါင်း ၁၅၀ ကြာပြီးနောက် အီရန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများကြား နျူကလီးယားဆွေးနွေးပွဲသစ် ပြန်လည်စတင်**
နိုင်ငံတကာသတင်း စာ-၁၃




# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❏

# ကိုယ်ပိုင်အမှတ်သရုပ် ဖော်ထုတ်မြှင့်တင်

ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံနှင့် ထိုနိုင်ငံနေလူမျိုးတို့၏ ဝိသေသလက္ခဏာပင် ဖြစ်သည်ဟုဆိုသည်။ ၂၀ ရာစုခေတ်အတွင်းက ကမ္ဘာ့နိုင်ငံတို့၏ ဝိသေသလက္ခဏာ သို့မဟုတ် အမှတ်အသားသရုပ်တို့ကို ထိုနိုင်ငံက စွဲကိုင်သည့် ဝါဒရေးရာသဘောတရားတို့ဖြင့် ဖော်ပြကြပြီး ( ဥပမာ – အရင်းရှင်နိုင်ငံ၊ ဆိုရှယ်လစ်နိုင်ငံ၊ ကွန်မြူနစ်နိုင်ငံ၊ ဖက်ဆစ်နိုင်ငံ၊ ဒီမိုကရေစီနိုင်ငံ စသည်ဖြင့်) ၂၁ ရာစုသို့ ရောက်လာသည့်အခါတွင်မူ ထိုနိုင်ငံ၏ ယဉ်ကျေးမှုအပေါ် အခြေခံ၍ (ဥပမာ– အစ္စလာမ္မစ်နိုင်ငံ၊ ကက်သလစ်နိုင်ငံ၊ ဗုဒ္ဓဘာသာနိုင်ငံ စသည်ဖြင့်) ဖော်ပြလာကြသည်ဟု ပညာရှင်များက ဆိုမိန့်ကြသည်။

ကမ္ဘာပေါ်တွင် ဝါဒသဘောတရားရေးရာ ပြိုင်ဆိုင်မှုသည် စစ်အေးခေတ်နိဂုံးချုပ်မှုနှင့်အတူ တစ်ခန်းရပ် သွားခဲ့ပြီဖြစ်ပြီး စစ်အေးခေတ်လွန် မျက်မှောက်ကာလကိုမူ ယဉ်ကျေးမှုများ တိုးတိုက်နေသည့်ကာလ၊ မတူခြားနားသည့် ယဉ်ကျေးမှုကြီးများ၏ ပဋိပက္ခကာလဟုလည်း ဆိုထားသည်။ ယဉ်ကျေးမှုများ၏ ပြိုင်ဆိုင်မှုတွင် ထိပ်တိုက်ရင်ဆိုင်ကာ ပဋိပက္ခများဖြစ်ပေါ်နိုင်ကြောင်း အကိုးအကားနှင့် သက်သေပြမှုများရှိသကဲ့သို့ မတူညီသည့် ယဉ်ကျေးမှုတို့ တိုးတိုက်ကြရာမှ အပြန်အလှန် တုံ့လှယ်ကာ အပြောင်းအလဲအသစ်များ တိုးတက်ဖြစ်ပေါ်လာကြောင်း အထောက်အထားတို့နှင့် ဖော်ပြမှုများလည်းရှိသည်။ မည်သို့ပင်ဆိုစေကာမူ ယဉ်ကျေးမှုဟူသည် မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်း၏ ရေးရာကိစ္စသက်သက်မျှသာ မဟုတ်တော့ဘဲ နိုင်ငံတကာဆက်ဆံရေး၊ ကမ္ဘာပေါ်ရှိ အခြားလူ့အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့တွင် ထည့်သွင်းစဉ်းစားရမည့် အရေးပါသောကိစ္စဖြစ်လာသည်မှာ သေချာသည်။

ယဉ်ကျေးမှုသည် ပထဝီရေခံမြေခံနှင့် ကိုးကွယ်ရာဘာသာ အယူဝါဒတို့မှ ဖြာထွက်လာခြင်းဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးတွင်မူ အပျော့ထည်စွမ်းအား Soft Power အနေဖြင့် အသုံးချပြီး အပြန်အလှန် တင်ပို့နေကြသည်ကို တွေ့ရှိနိုင်သည်။ ထင်သာမြင်သာ ဥပမာအားဖြင့် အမေရိကန်မှ ထုတ်လုပ်သည့် ဂီတ၊ ရုပ်ရှင်၊ ကုန်အမှတ်တံဆိပ်များ၊ စားဖွယ်သောက်ဖွယ်များနည်းတူပင် ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများ စသည်တို့မှလည်း ယဉ်ကျေးမှုထုတ်ကုန်များ ကမ္ဘာပတ်နေကြသည်။ မိမိတို့နိုင်ငံ၌ပင် မက်ဒေါ်နယ်၊ ကေအက်ဖ်စီ၊ ဟမ်ဘာဂါ၊ ပီဇာ၊ ကိုကာကိုလာ၊ ဆူရှီ၊ ကင်မ်ချီ၊ ကွေ့တယို၊ သင်္ဘောသီးထောင်း ....... စသည်ဖြင့် အနောက်တိုင်း၊ အရှေ့တိုင်း၊ အိမ်နီးချင်း နိုင်ငံပေါင်းစုံတို့မှ ဝင်လာသမျှ အစားအစာများကို ခံတွင်းတွေ့စွာ စားသောက်နေကြပြီ။ ဟောလိဝုဒ်၊ ဘောလိဝုဒ်၊ ဟောင်ကောင်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင် စသည့်နိုင်ငံများမှ ရုပ်ရှင်၊ ရုပ်မြင်ဇာတ်လမ်းတွဲများတို့ကိုလည်း ကြည့်ရှုခံစားတတ်နေကြပြီ။

စင်စစ်မိမိတို့နိုင်ငံတွင် အမျိုးသားယဉ်ကျေးမှု အခိုင်အမာရှိသည်။ ဒေသအသီးသီးတွင် ရှိနေသော တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဝိသေသ အမှတ်သရုပ်များကလည်း အရောင်အသွေးစုံလင်လှပသည်။ ရိုးသားဖြူစင် ပွင့်လင်းသကဲ့သို့ သိမ်မွေ့ယဉ်ကျေးသည်။ မိမိတို့နိုင်ငံသည် ဧရာမနိုင်ငံကြီးတစ်နိုင်ငံ မဟုတ်သော်လည်း ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုတို့ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မိမိတို့တွင် ရှိပြီးဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့လိုအပ်သလို ခေတ်နှင့်လျော်ညီအောင်မြှင့်တင်ရန်၊ ပြုပြင်မွမ်းမံရန်လည်း လိုအပ်သည်။ မိမိတို့၏ မူပိုင်ကို ကမ္ဘာကလက်ခံလာအောင်၊ မိမိတို့၏ အမှတ်တံဆိပ်၊ မိမိတို့၏ ယဉ်ကျေးမှုထုတ်ကုန်များလည်း အခြားသောနိုင်ငံများနည်းတူ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ထိုးဖောက်နိုင်အောင် ကြိုးပမ်းကြရန်လိုသည်။ ဤအရေးသည် အမျိုးသားရေးပင်ဖြစ်သည်။

၂၁ ရာစု၏ ပထဝီနိုင်ငံရေးသည် စစ်ရေး၊ စီးပွားရေးအင်အားနည်းတူ ယဉ်ကျေးမှုသည်လည်း အားကြီးရန် လိုသည်ဟု ခေတ်ပြိုင်သမိုင်းရေးရာ သုခမိန်တို့က ထောက်ပြထားသည်။ မျက်မှောက်ခေတ် နိုင်ငံများအကြားမှ ပဋိပက္ခများကို ယဉ်ကျေးမှုချင်း ထိပ်တိုက်တွေ့မှုများအဖြစ်လည်း ရှုမြင်သုံးသပ်ကြသည်။ မျက်မှောက်ကမ္ဘာတွင် နိုင်ငံတိုင်းက ကိုယ်ပိုင်ယဉ်ကျေးမှုများကို အခိုင်အမာ တည်ဆောက်မြှင့်တင်နေကြချိန် မိမိတို့တွင် အခိုင်အမာ ယဉ်ကျေးမှုတို့ ထုနှင့်ထည်နှင့်ရှိပါလျက် တန်ဖိုးမထားပစ်ပယ်ကြကာ နိုင်ငံတကာ၌ပင် ယဉ်ကျေးမှုအဖြစ် နေရာပေးမထားသည့် ရုပ်ပြပေါ်ပင် သရုပ်ပျက်မှုများနောက် လိုက်ပါကြမည့်အစား ကိုယ့်နိုင်ငံ၏ အလှအပနှင့် ယဉ်ကျေးမှု တင်ပို့သူတို့ ဖြစ်ကြစေလိုသည်။ မြန်မာတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ ကိုယ်ပိုင်အမှတ်သရုပ်များကိုဖော်ထုတ်ကာ နိုင်ငံတကာအလယ်တွင် ဝင့်ထည်စေခြင်းဖြင့် နိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၄ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့်ဦး အား စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀ မှ ၂၁၀၀ အဖြစ် ပြောင်းလဲသတ်မှတ်

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းလဲလှယ်နှုန်းအား အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀/- ကျပ်နှုန်း သတ်မှတ်ရာမှ ၂၁၀၀/- ကျပ်အဖြစ် ပြောင်းလဲသတ်မှတ်ကြောင်းနှင့် အဆိုပါ ရည်ညွှန်းငွေလဲလှယ်နှုန်းအား (၈-၈-၂၀၂၂) ရက်နေ့မှ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျော်ဖုံးမှ*

၃။ ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကိုသာ အထက်ပါအပိုဒ် (၂) ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာကို လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်း ခံရမည်။

သန်းညိန်း
ဥက္ကဋ္ဌ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရ ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ အောင်မြေ အရှေ့ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ မြို့မပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီမိုးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒက္ခိဏာရာမပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ပဇ္ဇောတာရုံပါဠိ တက္ကသိုလ်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကွန်ပျူတာအခြေခံ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၅





အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ကွန်ပျူတာအခြေခံ သင်တန်း (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။(ယာပုံ)

သင်တန်းဆင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ကွန်ပျူတာ ဘာသာရပ်သည် Electronic Device ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့် ပညာရပ်တစ်ခုဖြစ်ပြီး Communication စနစ်အတွက် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ Computer နည်းပညာကို လက်တွေ့ရုံးလုပ်ငန်းများတွင် အသုံးချနိုင်ရန်နှင့် Update ဖြစ်စေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်က ပထမဆု၊ ဒုတိယဆုများ ရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းသား ၂၄ ဦး ကိုယ်စား သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအလွန်ကောင်းနေ

နေပြည်တော် ဩဂုတ် ၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

# အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စကို ပြင်ပမှ မစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင့်ထက်စီးနင်းမှု မရှိရေး စသည့် "မူ" များကို အာဆီယံအနေဖြင့် လေးစားသင့်

❍ *ရှေ့ဖုံးမှ*

အာဆီယံနည်းလမ်းနှင့် အာဆီယံစိတ်ဓာတ်တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စ ကို ပြင်ပမှ မစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ထက်စီးနင်းမှုမရှိရေး စသည့် "မူ" များကို အာဆီယံအနေဖြင့် လေးစားသင့်ပြီး မြန်မာနိုင်ငံသည် မိမိ၏ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုကို လေးစားရန်လိုပါသည်။

(၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ပါ "မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ" ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံက တူညီဆန္ဒ (၅) ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိကြောင်းဖော်ပြချက်သည် မြန်မာနိုင်ငံ၏အမှန်တကယ် ကြိုးပမ်းဆောင်ရွက်နေမှုများကို မျက်ကွယ်ပြု၍ လျစ်လျူရှုရာရောက်သည့်အတွက် ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတွင်း ငြိမ်းချမ်း၊ တည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်းနေသကဲ့သို့ တစ်ချိန်တည်းမှာပင် တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယား၏အထူးကိုယ်စားလှယ်နှင့် အပြုသဘော နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် အစိုးရက ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်ဦးဆောင်၍ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများဆောင်ရွက်နေခြင်းသည် သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် ထာဝရငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တိုင်းရင်းသားလက်နက်ကိုင် (၁၀) ဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး၊ ညှိနှိုင်းရေးကော်မတီသည်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများနှင့် (၇၅) ကြိမ် တွေ့ဆုံကာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးအတွက် ပွင့်လင်းစွာဆွေးနွေးလျက်ရှိပါသည်။

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အစွမ်းကုန်ကြိုးပမ်းနေသော်လည်း NUG နှင့် PDF များက အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ သေဆုံးဒဏ်ရာရမှုများကိုလည်း အစိုးရမှအချိန်နှင့်တစ်ပြေးညီ တရားဝင်သတင်းများ ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်။

သို့ပါ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြင်ပနိုင်ငံများသည် မြန်မာနိုင်ငံကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေးကူညီရန် အမှန်တကယ်ဆန္ဒရှိသည်ဆိုပါက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF တို့နှင့် ထိတွေ့ဆက်ဆံရန် ပြောဆိုမှုများနှင့် အားပေးသည့်လုပ်ရပ်များကို ရှောင်ရှားသွားရမည်ဖြစ်သည်။

တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့်နောက်ထပ် ကိစ္စရပ်တစ်ခုမှာ AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများပေးအပ်နေခြင်းပင်ဖြစ်ပါသည်။ လူသားချင်းစာနာမှုအကူအညီများလိုအပ်နေသူများထံသို့ မျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်သည့်အခါတွင် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်နေသော ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ထည့်သွင်းစဉ်းစားပြီး မျှတစွာသုံးသပ်ရန် လိုအပ်ပါသည်။ တစ်ဖက်သတ်သုံးသပ်ခြင်းမျိုး မဆောင်ရွက်သင့်ပါ။

(၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်တွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုကျူးလွန်သူ (၄) ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စအား စိုးရိမ်ကြောင်းဖော်ပြခဲ့ခြင်းနှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူတို့မှ AICHR ကိုယ်စားလှယ်များက ဝေဖန်ပြစ်တင်သည့် ပူးတွဲထုတ်ပြန်ချက်တို့တွင် ယင်းပြစ်မှုကျူးလွန်သူများကို "နိုင်ငံရေးတက်ကြွသူများအဖြစ်" ဖော်ပြချက်သည် ပကတိအခြေအနေမှန်မဟုတ်ဘဲ မှန်ကန်မှုမရှိ လွဲမှားနေ၍ ကန့်ကွက်ပါသည်။

ရာဇဝတ်မှုကျူးလွန်သူ တရားခံ(၄)ဦးသည် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများဖြစ်ခြင်းကြောင့် ၎င်းတို့အား သေဒဏ်အပြစ်ဒဏ် ချမှတ်ခံရခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရာတွင် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းဖြစ်ပါသည်။ ထိုကဲ့သို့တရားဥပဒေအရ အရေးယူခဲ့ရကြောင်းကို အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများထံ သက်သေအထောက်အထားများနှင့်တကွ ရှင်းလင်းသည့်စာများ မြန်မာနိုင်ငံက ပေးပို့ထားခဲ့သော်လည်း ယခုကဲ့သို့ "နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ" အဖြစ် ပူးတွဲထုတ်ပြန်ချက်တွင် သုံးနှုန်းဖော်ပြခြင်းသည် လျော်ကန်မှုမရှိပါ။

မြန်မာနိုင်ငံသည် မိမိတို့ချမှတ်ထားသော ဦးစားပေးရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံနှင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံ "မူ"များ၊ အလေ့အထများနှင့်အညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံတူညီဆန္ဒ(၅)ရပ်ကိုလည်း မြန်မာပိုင်၊ မြန်မာဦးဆောင်မှုဖြင့် လက်ရှိအာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ပါသည်။

ရေရှည်ခိုင်မာသော အာဆီယံအဖွဲ့အစည်းဖြစ်စေရန်အတွက် အာဆီယံပဋိညာဉ်စာတမ်းတွင် ပါရှိသည့် သာတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာရေး စသည့်အခြေခံမူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း လိုက်နာပါမှသာလျှင် အာဆီယံ၏ အချက်အချာကျမှုနှင့် စုစည်းညီညွတ်မှုကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

❑ *ရှေ့ဖုံးမှ*

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း၊ ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စ ဆွေးနွေး**

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြကာ ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

**ဆက်လက်ကျင်းပမည်**

ဒုတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာစဉ်။

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ဂီတ၊ သဘင်၊ ပန်းချီ အနုသုခုမပညာရပ်များကို လက်ဆင့်ကမ်းမျှဝေခြင်းဆောင်ရွက်မည့် "ယဉ်ကျေးလိမ္မာ မြန်မာ့အနုပညာ" ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၅**

ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်နှင့်အညီ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ဂီတ၊ သဘင်၊ ပန်းချီ စသည့် အနုသုခုမပညာရပ်များကို လက်ဆင့်ကမ်းမျှဝေခြင်း ဆောင်ရွက်မည့် "ယဉ်ကျေးလိမ္မာ မြန်မာ့အနုပညာ" အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက "ယဉ်ကျေးလိမ္မာမြန်မာ့ အနုပညာအစီအစဉ်" သည် ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းမှုဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဂီတ၊ သဘင်၊ ပန်းချီ စသည့် အနုသုခုမပညာရပ်များကို လက်ဆင့်ကမ်း မျှဝေပေးသည့် အစီအစဉ် ဖြစ်ပါကြောင်း။

အနာဂတ် မျိုးဆက်သစ် လူငယ်များဖြစ်သည့် ကျောင်းသားကျောင်းသူများ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးတန်ဖိုးထားလိုစိတ်၊ အမျိုးကိုချစ်သည့်စိတ်လည်း အရေးကြီးပါကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားနှင့်အညီ ယနေ့ခေတ်လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်သည့်အတွက် ပညာရေးအဆင့်မြင့်မားမှုနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မကွယ်ပျောက်စေဘဲ ယဉ်ကျေးမှု အားကောင်းလာစေရေးကို ရည်မှန်းပြီး ယဉ်ကျေးလိမ္မာ၊ မြန်မာ့အနုပညာ အစီအစဉ်ကို ဖော်ထုတ်ရခြင်းပင် ဖြစ်ကြောင်း။

လက်ဆင့်ကမ်းမျှဝေပေးမည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က ဆရာ ဆရာမများနှင့် အမွေဆက်ခံယူကြမည့်အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိလာသည့် အခွင့်အလမ်းကို အကျိုးရှိရှိ အသုံးချသွားကြရန် မှာကြားသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက "ယဉ်ကျေးလိမ္မာ မြန်မာ့အနုပညာ"အစီအစဉ် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ဂီတပညာဌာန၊ သဘင်ပညာဌာနနှင့် ပန်းချီပညာဌာနတို့ ပူးပေါင်းစီစဉ် တင်ဆက်သည့် **"တက္ကသိုလ်ရွှေစာရံ"** တေးသီချင်းအကအလှဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ထုတ်လုပ်ဌာနစုမှ "အ – အက္ခရာ အောင်ပါစေ" ယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က "ယဉ်ကျေးလိမ္မာ မြန်မာ့အနုပညာ" အစီအစဉ်တွင် ဂီတပညာအကြောင်း မိတ်ဆက်ခြင်း၊ ဆန်းနွေဦး မဟာဂီတတေးသီချင်းကို စောင်း၊ ပတ္တလား၊ တယော၊ ကီးဘုတ်၊ ဒိုးအုပ်စုံ၊ အဆိုတို့ဖြင့်သရုပ်ဖော်ခြင်း၊ ဂီတသင်္ကေတ လက်တွေ့စုပေါင်းရွတ်ဆိုခြင်းကို အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းရွတ်ဆိုခြင်းများကို သင်ကြားပေးခြင်း၊ သဘင်အကနှင့် အကဗေဒအကြောင်းကို မိတ်ဆက်ခြင်း၊ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်ရုပ်သေးအကတို့ကို လက်တွေ့သရုပ်ပြ၍ကျောင်းသားကျောင်းသူများ ပါဝင်ဆောင်ရွက်စေခြင်း၊ ဂီတဌာနနှင့် တွဲဖက်၍ ဆန်းနွေဦး နန်းတွင်းယိမ်းအကဖြင့်တင်ဆက်ခြင်း၊ အခြေခံပုံရေးဆွဲနည်း၊ အရောင်သီအိုရီနှင့် ကာတွန်းအလွယ် ရေးဆွဲနည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အနုပညာအထက်တန်းကျောင်း(မန္တလေး) သို့ သွားရောက်ကာ ပန်တျာဌာန၏ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မငွေကျပ် သိန်း ၃၀ ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်ကြီး၏ ကျန်းမာရေးနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးထံမှ အနုမောဒနာတရားများ နာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ် – ၄၁ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(Diploma In Accounting– DA)(ပထမပိုင်း) သင်တန်း အမှတ်စဉ်– ၄၁ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

### နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ဒီပလိုမာစာရင်းကိုင်သင်တန်းသည် စာရင်းစစ်နှင့် စာရင်းကိုင်ပညာရပ် လေ့လာသင်ယူသူများအတွက် အခြေခံကောင်းများရရှိပြီး စာရင်းပညာကျွမ်းကျင်သူများဖြစ်လာစေမည့် အရေးပါသော သင်တန်းတစ်ခုဖြစ်ကြောင်း၊ စာရင်းပညာသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ပညာရပ်ဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ စာရင်းပညာဖြင့် လုပ်ငန်းများဆောင်ရွက်ကြရာတွင် ပညာရပ်ဆိုင်ရာ အရည်အချင်းများ ပြည့်ဝစွာဖြင့် နိုင်ငံတကာ စာရင်းစံများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ ကျင့်ဝတ်သိက္ခာများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သင်တန်းဆင်းများအနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍတွင် ဝီရိယ၊ သိက္ခာ၊ ဉာဏ၊ သမာဓိရှိစွာဖြင့် ဌာနအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို စာသင်ခန်းတက်ရောက် (Face To Face) ဖြင့် ၁၀ လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၃ ခု၏ ဦးစီးဌာန/လုပ်ငန်း ၁၇ ခုတို့မှ သင်တန်းသား ၃၈ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်းနှင့် လာမည့်စက်တင်ဘာလတွင် အရည်အချင်းစစ်စာမေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သင်တန်းဆင်းအမှာစကား ပြောကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ကျင်းပသည့် အလယ်အလတ်အဆင့် (Grade–2) နှင့် အဆင့်မြင့် (Grade–3) စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်–၁၀၀ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းသင်တန်းကို စာသင်ခန်းတက်ရောက်(Face To Face) ဖြင့် သုံးလကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ အလယ် အလတ်အဆင့် (Grade–2) သင်တန်းတွင် သင်တန်းသား ၁၃၆ ဦး၊ အဆင့်မြင့် (Grade–3) သင်တန်းတွင် သင်တန်းသား ၆၈ ဦး စုစုပေါင်း သင်တန်းသား ၂၀၄ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းအခမ်းအနားကျင်းပ





**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ယနေ့သည် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၉) သင်တန်းသား သင်တန်းသူများ၏ အောင်မြင်စွာ သင်တန်းပြီးမြောက်သည့် ဂုဏ်ယူဖွယ်ရာနေ့ဖြစ်ပါကြောင်း၊ နိုင်ငံများတွင်ဖြစ်စေ၊ အဖွဲ့အစည်း အသီးသီးတွင်ဖြစ်စေ ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ခေါင်းဆောင်မှုကို ကောက်ရိုးမီးကဲ့သို့မလုပ်ဘဲ ကိုယ်တိုင်စံနမူနာပြ နေထိုင်ကျင့်ကြံပြီး လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရမည့်အပြင် မိမိတို့ စီမံအုပ်ချုပ်ရမည့် ဝန်ထမ်းများအပေါ် မှန်ကန်သော ခေါင်းဆောင်မှုပေးရန်နှင့် ယုံကြည်အားကိုးလာစေရန် ကြိုးစားကြစေလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင်နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံ့ဝန်ထမ်းများက အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိပြီး နိုင်ငံ့ဝန်ထမ်း အရည်အချင်း ပြည့်ဝကျွမ်းကျင်မှု၊ လုံ့လဝီရိယနှင့် တာဝန်ကျေပွန်မှု၊ စိတ်ဓာတ်နှင့် စည်းကမ်းများကောင်းမွန်ပြီး ကျင့်ဝတ်စောင့်ထိန်းပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ကောင်းစွာ မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီမံအုပ်ချုပ်မှု ယန္တရားအတွင်းမှာ ကိုယ်ကျရာကဏ္ဍကနေ တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရုံသာမက စေတနာကောင်းများဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ်(၉)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၂၅၁ ဦး၊ သင်တန်းသူ ၇၈ ဦး စုစုပေါင်း ၃၂၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ရက်သတ္တ ၁၆ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ စစ်ပညာလက်နက်မဲ့၊ လက်နက်ဖြင့် သင်ကြားပို့ချမှုအခြေအနေ၊ သင်ခန်းစာအပေါ် အဖွဲ့လိုက် တင်ပြဆွေးနွေးမှု၊ စာသင်ကြား ပို့ချနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ လူငယ်စကားရည်လုပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၅**

**အာဆီယံလူငယ်စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022)** ပထမ ပတ်လည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ Virtual Online စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်လူငယ်ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါပြိုင်ပွဲကို အာဆီယံဒေသတွင်း လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့ (Addressing Challenges Together : ACT) ဆောင်ပုဒ်ဖြင့် ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ ပထမပတ်လည် (First Elimination Round) ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံအသင်းက **"ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အားကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများအတွက် အလုပ်လုပ်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်မည်"** (This house believes that improving healthcare outcomes promotes higher labor productivity for women) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအသင်းက **"လုပ်ငန်းခွင်အတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းသည် ဝင်ငွေမညီမျှခြင်း၏ အဓိကကြောင်းရင်းတစ်ခုဖြစ်သည်"** (This house believes that discrimination against women in work–place is major source of income in–equality) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံအသင်းက **"အာဆီယံအနေဖြင့် ဘုံပညာရေး အရည်အသွေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်နှင့် ခိုင်မာမှုတို့ကို ရရှိနိုင်မည်"** (This house believes that ASEAN can achieve a common educational quality standard and assurance) ခေါင်းစဉ်ဖြင့်လည်းကောင်း အဆိုတင်သွင်းခဲ့ကြမှုများအပေါ် မြန်မာနိုင်ငံမှ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လူငယ်ကိုယ်စားလှယ် ၁၉ ဦးတို့သည် အသင်းသုံးသင်းဖြင့် သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပြန်လည်ချေပပြောဆိုခဲ့ကြသည်။

ပထမပတ်လည်ပွဲစဉ်ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် အာဆီယံ ရှစ်နိုင်ငံမှ ကိုယ်စားပြုအသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ပြိုင်ပွဲများအပြီးတွင် ဒုတိယပတ်လည်ပွဲစဉ်သို့ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အသင်း ၁၀ သင်းကို ကြေညာခဲ့ရာ မြန်မာအဖွဲ့ (၂) သည် အင်ဒိုနီးရှားနိုင်ငံသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်း၏ ဒုတိယပတ်လည်ပွဲစဉ်ကို ဩဂုတ် ၂၁ ရက်တွင်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာ ၄ ရက်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာ ၁၈ ရက်တို့တွင်လည်းကောင်း Virtual Online စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာ ၁၂ ရက်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဥတ္တရသီရိမြို့နယ်၌ စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကျင်းပ

**ပုဗ္ဗသီရိ ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီး၍ စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် Naypyitaw International Science Academy ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးသက်နောင်က မီးလောင်ကျွမ်းခြင်း အခြေခံသဘောတရားများအကြောင်း၊ မီးသတ်ဆေးဘူး အမျိုးအစားများနှင့် အသုံးပြုပုံများအကြောင်း၊ လူ့ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများကို မီးလောင်ခဲ့လျှင် အမြန်ဆုံးဆောင်ရွက်ရမည့်အချက်များအကြောင်း၊ မီးလောင်လျှင်လိုက်နာဆောင်ရွက်ရမည့် အချက်များအကြောင်းနှင့် ကလေးများနှင့် မီးဘေးအန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးစိုးသက်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပြသခြင်း၊ ဂတ်(စ်)မီးငြိမ်းသတ်သရုပ်ပြခြင်း၊ စောင်ဖြင့် လူနာထမ်းစင်ပြုလုပ်ခြင်း၊ သယ်ဆောင်ခြင်းများ၊ ရေသန့်ဘူးဖြင့် အသက်ကယ်အင်္ကျီပြုလုပ်ခြင်းများ၊ ပိုလန်နိုင်ငံထုတ် Medium Fire Fighter မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ LUF–60 မီးသတ်စက်ရုပ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ အရေးပေါ်အခြေအနေမှာ အန္တရာယ်ကင်းဇုန်သို့ ထွက်ခွာခြင်းများကို သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# သမိုင်းတစ်ကွေ့ အတွေ့အကြုံတစ်ရပ် ကောင်းစွာယူတတ်ပါစေ ...

## ပြည်သူတစ်ဦး

**စေတုတ္တရာမြို့နယ်သည် မကွေးတိုင်းဒေသကြီး အတွင်းတည်ရှိပြီး ရခိုင်ရိုးမအနောက်တောင်ခြေတွင်တည်ရှိသော ချင်းလူမျိုးများ နေထိုင်ရာဒေသတစ်ခုဖြစ်သည်။ တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည်နှင့်အမျှ ကွန်မြူနစ်ပါတီတို့ ကြီးစိုးရာနယ်မြေဒေသတစ်ခု ဖြစ်ခဲ့သည်။**

### အလူးအလဲခံခဲ့ရ

သခင်သန်းထွန်း ဦးဆောင်သော အလံဖြူ ကွန်မြူနစ်ပါတီသည် လွတ်လပ်ရေးရပြီး တောခိုသည်နှင့် စေတုတ္တရာမြို့နယ်တောင်ပိုင်း ကူတော်ကျေးရွာတွင် ဌာနချုပ်ရုံးစိုက်ခဲ့သည်။ သခင်စိုး ဦးဆောင်သော အလံနီကွန်မြူနစ်ပါတီသည် စေတုတ္တရာမြောက်ပိုင်း အလယ်ဟန်ဒေါက်ကျေးရွာတွင် ရုံးစိုက်ခဲ့သည်။ စေတုတ္တရာမြို့နယ်မှာ နေထိုင်သည့် ပြည်သူများသည် သောင်းကျန်းသူများ ကြာရှည်စွာ အုပ်စိုးခံခဲ့ရသဖြင့် စီးပွားရေး၊ လူမှုရေးဘဝလည်း နိမ့်ကျခဲ့ရသည့်အပြင် ၎င်းတို့၏ ရက်စက်စွာသတ်ဖြတ်မှု၊ ညှဉ်းပန်းမှု၊ အနိုင်အထက်ကျင့်မှုတို့ကို အလူးအလဲခံခဲ့ရသည်။

နိုင်ငံကို တည်ငြိမ်အောင်ထိန်းလာနိုင်သည့် ၁၉၅၆ ခုနှစ်တွင် အောင်မာဃစစ်ဆင်ရေး ဆင်နွှဲပြီး ထိုဒေသကို ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။ စစ်ဆင်ရေးအတွက် အမှတ်(၁၀)၊ အမှတ် (၁၆)၊ အမှတ်(၂၁)၊ အမှတ်(၈၈)၊ အမှတ်(၁၀၈) စသည်ဖြင့် ခြေလျင်တပ်ရင်းများက လုံခြုံရေးတာဝန်ယူခဲ့ကြသည်။ ရဲစခန်းအချို့ ဖွင့်လှစ်နိုင်ခဲ့သည်။ အစောပိုင်းကာလတွင် စေတုတ္တရာမြို့ပေါ်မှအပ ကျေးလက်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုမရှိခဲ့။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် သောင်းကျန်းသူများက ကျေးရွာများတွင် သူဝင်ငါထွက် ဖြစ်နေခဲ့သည်။ အဆိုပါဒေသများတွင် အစိုးရထက် သောင်းကျန်းသူများက အာဏာလွှမ်းမိုးခဲ့ကြသည်။

### သတ်ဖြတ်ခဲ့ကြ

တပ်မတော်မှ တပ်ရင်းလိုက်တောခိုခဲ့သော ဗိုလ်သက်ထွန်း ဦးဆောင်သော တိုင်းပါတီတပ်နှင့် စိုးသိမ်းဦးဆောင်သော ခရိုင်တပ်တို့သည် ကွန်မြူနစ်ပါတီဗဟိုမှချမှတ်သော အာဏာနီနယ်မြေ ထူထောင်ရေးပေါ်လစီကို ဖော်ဆောင်ခဲ့သည့်အတွက် ပြည်သူလူထုအား သတ်ဖြတ်နှိပ်စက်ခြင်း၊ စီးပွားဥစ္စာများ လုယူဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများအား နေဝင်းဒေါက်တိုင်ဟု သတ်မှတ်ပြီး သတ်ဖြတ်ခဲ့ကြသည်။

အောက်ပါတို့မှာ ယင်းတို့၏ ရက်စက်ကြမ်းကြုတ်မှုမှတ်တမ်းများဖြစ်သည်–

၁၉၆၇ ခုနှစ် ဩဂုတ်လတွင် နစ်ဖြူခေါင်းဆောင် အုပ်ကြီး ဦးဆောင်သောအဖွဲ့သည် စိုင်းလိုင်းရွာသို့ ဝင်ရောက်၍ နွားလေးကောင်၊ စပါး ၁၀ တင်း တောင်းခံသွားခဲ့ခြင်း၊ မဏ္ဍာပ်ကိုင်းရွာနှင့် ကျောက်တလုံးရွာတို့တွင် ဆန်များတောင်းခံခြင်း။

၁၉၆၈ ခုနှစ် ဇန်နဝါရီလတွင် ကဖန်ရွာသူရွာသားများ တစ်ရွာလုံးအား ၎င်းတို့ အထောက်အကူပြုရန် တောတွင်းသို့ လက်နက်ပြခေါ်ဆောင်သွားခြင်း။

၎င်းနှစ်တွင် တိုက်စိုးဦးဆောင်သော နစ်နီငါးဦးအဖွဲ့သည် တည်စုတ်ကျေးရွာ သမဝါယမ အတွင်းရေးမှူး ဦးစံသောင်းအား လည်လှီးပြီး ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း။

၎င်းနှစ်တွင် အုပ်ကြီးဦးဆောင်သော နစ်ဖြူအဖွဲ့သည် သက်လယ်ရွာမှ ဦးကျောက်လုံးအား သတ်ဖြတ်သွားခြင်း၊ နစ်ဖြူသာရန် ဦးဆောင်သော အဖွဲ့မှ မဏ္ဍာပ်ကိုင်းရွာသား ဦးထွန်းစိန်နှင့် ခိုနန်းရွာသား ဦးကြီးမောင်တို့အား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း။

၎င်းနှစ်တွင် တိုက်စိုးနှင့် မာဒင် ဦးဆောင်သော နစ်နီများသည် ပန်းအိရွာသို့ ဝင်ရောက်၍ ဆက်ကြေးတောင်းခြင်း။

၁၉၆၈ခုနှစ် မေလ ၆ ရက်နေ့တွင် သက်ထွန်း ဦးဆောင်သော နစ်ဖြူ တိုင်း၊ ခရိုင် ပူးပေါင်းအဖွဲ့က စေတုတ္တရာမြို့အား ဝင်ရောက်တိုက်ခိုက်သည့်အတွက် တပ်မတော်မှ တပ်ခွဲဗိုလ်ကြီးနှင့် စစ်သားများ တိုက်ပွဲတွင် ကျဆုံးခဲ့ရခြင်း။

### ပြန်လည်ဆုတ်ခွာ

စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်သွယ်ရေးဂိုဒေါင်များကို မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများ လုယူသွားခဲ့သည်။ ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့မှ ရှုပ်ရှုပ်ချုံချုံခုခံခဲ့သဖြင့် ငွေတိုက်ဖောက်ယူခွင့်မရဘဲ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

၁၉၆၈ ခုနှစ် မေလတွင် မထိမ်းရွာသို့ ဝင်ရောက်ပြီး သမဝါယမပစ္စည်းများ လုယူကာ မူလတန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည်။

### ရွာလုံးကျွတ်ခေါ်ဆောင်သွား

၁၉၆၈ ခုနှစ် ဇူလိုင်လတွင် ထွန်းရင် ဦးဆောင်သော နစ်ဖြူအဖွဲ့သည် ကံကျေးရွာမှ အိမ်ထောင်စုငါးစု၊ ပလွဲရွာ၊ အောက်ဝန်တုံရွာ၊ အထက်ဝန်တုံရွာ၊ သက္ကယ်ကျင်းရွာများမှ ရွာသားများအား ၎င်းတို့အတွက် ရိက္ခာထုတ်လုပ်ပေးရန် ရွာလုံးကျွတ် တောတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။

၁၉၆၈ခုနှစ် ဇူလိုင်လအတွင်း၌ စိုင်းလိုင်းရွာမှာ နေထိုင်ကြတဲ့ ရွာသူရွာသားအားလုံး တစ်ရွာလုံးအား လက်နက်ပြ ခေါ်ဆောင်သွားခဲ့ပြန်သည်။

### ဆက်ကြေးတောင်းခံ

၎င်းနှစ်ကာလ၌ပင် ထွန်းရင် ဦးဆောင်သော နစ်ဖြူတပ်ဖွဲ့သည် အလယ်ပုံကျေးရွာနှင့် ပုံဆိပ်ကျေးရွာများသို့ ဝင်ရောက်၍ သမဝါယမပစ္စည်းများ လုယူခြင်း၊ မူလတန်းကျောင်းများအား မီးရှို့ခြင်း လုပ်ဆောင်သွားခဲ့သည်။ နီလွင် ဦးဆောင်သော သောင်းကျန်းသူများက အရှေ့ဖအိုင်းနှင့် ထန်းကိုင်းရွာတို့သို့ ဝင်ရောက်ဆက်ကြေးတောင်းခံခဲ့သည်။

၁၉၆၈ ခုနှစ် မေလတွင် စေတုတ္တရာမြို့ သောင်းကျန်းသူများ တိုက်ခိုက်ခြင်းခံရပြီးသည့်နောက်၌ နိုင်ငံတော်အစိုးရ လမ်းစဉ်ပါတီခေတ်တွင် နယ်မြေလုံခြုံရေး အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကျေးရွာများအားလုံးသို့ ကွင်းဆင်း၍ ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

စစ်ကြောင်းများမှ မှန်ကန်စွာ စည်းရုံးဆောင်ရွက်နိုင်မှုကြောင့် မိမိတို့နယ်မြေလုံခြုံရေးအတွက် ဒေသခံများတွင် တာဝန်ရှိကြောင်း သိရှိလာကြသည်။ ပြည်သူ့စစ်များကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွဲ့စည်းခဲ့သည့် ကျေးရွာပေါင်း ၂၆ ရွာတွင် လက်နက်တပ်ဆင်ပေးခဲ့သည်။ တပ်မတော်၏ အစီအစဉ်ဖြင့် အခြေခံစစ်ပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ပြည်သူ့စစ်များ၏ ထူးခြားသော ဆောင်ရွက်ချက်များတင်ပြရလျှင်–

၂၃-၃-၁၉၆၉ ရက်နေ့တွင် မြောက်ဟန်ဒေါက်ကျေးရွာမှ ဦးထွန်းအောင် ခေါင်းဆောင်သော ပြည်သူ့စစ်အဖွဲ့သည် နစ်နီတိုက်စိုးပါ ခုနစ်ယောက်ထံမှ ယုံကြည်မှုရအောင် တည်ဆောက်၍ သေနတ်တစ်ချက်မျှ ပစ်မဖောက်ရဘဲ ရိုင်ဖယ် ငါးလက်၊ ၃၀၃ ကျည် ၃၆ တောင့်တို့ကို လုယူနိုင်ခဲ့သည်။

> **❑ ယနေ့ကာလဖြစ်ပေါ်နေသော အကြမ်းဖက်သောင်းကျန်းမှုသည် မဖြစ်သင့်သော လုပ်ဆောင်မှုများဖြစ်သည်။ အကြမ်းဖက်ခံရသည့် ပြည်သူ၊ လုံခြုံမှုမရှိ၍ အကောင်အထည်မဖော်နိုင်သည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာ၊ သာသနာအရေးပါ နိမ့်ကျသွားသဖြင့် နိုင်ငံအတွက်လည်း ရလဒ်ကောင်း မရှိနိုင်၊ ဘာသာရေးအမြင်ဖြင့် ကြည့်ပြန်လျှင်လည်း ကောင်းကျိုးပြုက ကောင်းကျိုးရ၍ မကောင်းမှုပြုက မကောင်းကျိုးရမည်မှာ အမှန်ပင်ဖြစ်သည်**

### ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်

၃-၁-၁၉၇၀ ရက်နေ့တွင် မွန်ဇော်ကျေးရွာရှိ ပြည်သူ့စစ်စခန်းအား မင်းဘူးခရိုင်တပ် နစ်ဖြူဗိုလ်ရွှေခေါင်းဆောင်သော သောင်းကျန်းသူအင်အား ၈၀ ခန့်က ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သော်လည်း ပြည်သူ့စစ်များက ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် ၎င်းတို့ ပြန်လည်ဆုတ်ခွာထွက်ပြေးကြရသည်။

၂၃-၃-၁၉၇၀ ရက်နေ့တွင် ကူတော်ကျေးရွာ ပြည်သူ့စစ်အဖွဲ့မှ နစ်ဖြူတင်အေးအား တူမီးသေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သည်။

၁၃-၁၀-၁၉၇၀ ရက်နေ့တွင် သက်လယ်ကျေးရွာ ပြည်သူ့စစ်များနှင့် ကြီးဝရဲကင်းတို့ ပူးပေါင်းအဖွဲ့က သက်လယ်ကျေးရွာအနီးရှိ နစ်ဖြူခရိုင်တပ်အား ချုံခိုတိုက်ခိုက်နိုင်ခဲ့သည်။

၃-၂-၁၉၇၁ ရက်နေ့တွင် စစ်ငန်းကျေးရွာ ပြည်သူ့စစ်မှ ခလရ(၈၈)နှင့် ပူးပေါင်း၍ ဝဒေဝချောင်းအနီး နစ်ဖြူစခန်းအား တိုက်ခိုက်ရာ အီတလီရိုင်ဖယ်တစ်လက်၊ တစ်လုံးထိုး သေနတ်တစ်လက်၊ တူမီး ခြောက်လက်နှင့် ပလွဲရွာသား ရှစ်ယောက်တို့အား အရှင်ရမိခဲ့သည်။

၂၉-၅-၁၉၇၃ ရက်နေ့တွင် အုံးဝါးကျေးရွာ ပြည်သူ့စစ်အဖွဲ့မှ နစ်နီစောမောင်(ခေါ်) ထွန်းအုပ်အဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ရိုင်ဖယ်တစ်လက်နှင့် ကျည်သုံးတောင့် ရရှိခဲ့သည်။

၄-၈-၁၉၇၆ ရက်နေ့တွင် မထမ်းကျေးရွာ ပြည်သူ့စစ်နှင့် ခလရ (၈၇)တို့ ပူးပေါင်း၍ ထင်းပိုင်းဒေသတွင် တိုက်ပွဲဖြစ်ရာ နစ်ဖြူညိုမောင်အား ဒဏ်ရာရရှိစေခဲ့သည်။

### အမာခံနယ်မြေအထိ တည်ဆောက်နိုင်ခဲ့

ဤသို့ နယ်မြေအသီးသီးရှိ ပြည်သူ့စစ်များ၊ ပြည်သူများမှ တပ်မတော်၊ ရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်းကာ မိမိတို့နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသဖြင့် သောင်းကျန်းသူ နစ်ဖြူ နစ်နီများမှာ ဆက်လက်လှုပ်ရှားရန် အခွင့်မသာတော့သဖြင့် ရခိုင်ရိုးမဒေသမှ ပဲခူးရိုးမသို့ ပြောင်းရွှေ့ခဲ့သည်။ ပဲခူးရိုးမတွင်လည်း ဗကပတို့ ပျက်သုဉ်းသွားခဲ့ပြီးဖြစ်သည်။ အဆိုပါကာလအတွင်း စုစုပေါင်း ၂၂၂ ဦး အလင်းဝင်ရောက်ခဲ့ပါသည်။ ယခင်က စေတုတ္တရာမြို့နယ်သည် အညိုရောင်နယ်မြေမှ ၁၉၈၀ နောက်ပိုင်းတွင် အဖြူရောင်နယ်မြေ၊ ထိုမှသည် အမာခံနယ်မြေအထိ တည်ဆောက်နိုင်ခဲ့ပါသည်။

ယခုတင်ပြခဲ့သည့် စေတုတ္တရာနယ်မြေဒေသသည် ဒေသအားဖြင့် ကျဉ်းမြောင်းကာ တောတောင်လျှိုမြောင်များဖြင့် သွားလာရေးခက်ခဲခဲ့သည့် ဒေသတစ်ခုဖြစ်သည့်အလျောက် ဤအချက်ကို ခြေကုပ်ယူကာ ဗကပ သောင်းကျန်းသူတို့သည် ဒေသခံပြည်သူများအား အသက်စည်းစိမ်အိုးအိမ်များပါမကျန် ဖျက်ဆီးခဲ့သည်။ မိမိတို့မြို့နယ်နည်းတူ ဒေသအသီးသီးတွင် အလားတူ ကြုံတွေ့ကြရပြီး ဖြစ်ပါသည်။ မည်သို့ပင် ကြုံတွေ့ရစေကာမူ ဒေသခံပြည်သူများအချင်းချင်း သွေးစည်းညီညွတ်ကာ စည်းရုံးဖွဲ့စည်းမှုဖြင့် သောင်းကျန်းသူတို့အား တွန်းလှန်နိုင်ကြောင်း သက်သေသာဓကရရှိခဲ့ပြီး ဖြစ်ပါသည်။

### အတူတကွ လက်တွဲဆောင်ရွက်ရမည်ဖြစ်

နိုင်ငံတည်ဆောက်ရာတွင် ဦးဆောင်ဦးရွက်မှုပြုသူ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်စိတ်ထားဖြင့် မားမားမတ်မတ်ရပ်တည်မှုနောက်တွင် ပြည်သူပြည်သားအပေါင်းတို့ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲညီညီ ကောင်းတူဆိုးဖက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထပ်ဆင့်၍ဆိုရလျှင် သူ့ကျွန်ဘဝမှသည် လွတ်လပ်ရေးကြိုးပမ်းမှု၊ ပြည်တွင်းသောင်းကျန်းမှု စသည်တို့တွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ နိုင်ငံတော်အစွန့်ရှည်တည်တံ့ရေးတို့အတွက် အစဉ်အလာကြီးမားလှသော မြန်မာ့တပ်မတော်နှင့်လည်း အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကာလဖြစ်ပေါ်နေသော အကြမ်းဖက်သောင်းကျန်းမှုသည် မဖြစ်သင့်သော လုပ်ဆောင်မှုများဖြစ်သည်။ အကြမ်းဖက်ခံရသည့် ပြည်သူ၊ လုံခြုံမှုမရှိ၍ အကောင်အထည်မဖော်နိုင်သည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာ၊ သာသနာအရေးပါ နိမ့်ကျသွားသဖြင့် နိုင်ငံအတွက်လည်း ရလဒ်ကောင်းမရှိနိုင်၊ ဘာသာရေးအမြင်ဖြင့် ကြည့်ပြန်လျှင်လည်း ကောင်းကျိုးပြုက ကောင်းကျိုးရ၍ မကောင်းမှုပြုက မကောင်းကျိုးရမည်မှာ အမှန်ပင်ဖြစ်သည်။

သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့် သမိုင်းကြောင်း ဖြစ်ရပ်မှန်များကို သိရှိကြခြင်းဖြင့် အမှားအမှန် ခွဲခြားသိနိုင်ကြပါစေ၊ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူတို့ မည်သို့ သဘောထားကြပြီး သမိုင်းနိဂုံး မည်သို့ဇာတ်သိမ်းသွားကြသည်များ သင်ခန်းစာယူနိုင်ကြကာ နိုင်ငံသားအားလုံး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာအောင် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဤဆောင်းပါးကို ရေးသားအပ်ပါသည်။

**(၁၉၇၉ ခုနှစ် ထုတ်ဝေသည့် စေတုတ္တရာဖြစ်စဉ်မှတ်တမ်းမှ မှီငြမ်းတင်ပြပါသည်)**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် (ယာပုံ)၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲများတွင် အမှတ်အများဆုံး ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးရရှိသည့် အခြေခံပညာကျောင်းများနှင့် မြို့နယ်များကိုလည်းကောင်း၊ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၇၈ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၁၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၅၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၅၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၉၈၃ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၄၁၅၃ ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေချိုကုန်ချိန်နှစ်သိန်းနှင့်ရေငန်ကုန်ချိန် ငါးသောင်းဖြင့် ရေထွက်ကုန်စီးဆင်းနေ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်း ဒေသကြီးနှင့် ကျန်သော တိုင်းဒေသနှင့်ပြည်နယ်များသို့ ရေထွက်ကုန်ပစ္စည်း အဓိကတင်ပို့နေသော ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရွှေပိတောက် ငါးဈေးကြီး၌ တစ်ရက်လျှင်ရေချိုပစ္စည်း ကုန်ချိန်နှစ်သိန်းနှင့် ရေငန်ပစ္စည်းကုန်ချိန် ငါးသောင်းဖြင့် ကုန်စည်စီးဆင်းနေကြောင်း သိရသည်။



ယခင်က တစ်ရက်လျှင် ရေထွက်ပစ္စည်းကုန်ချိန် သုံးသိန်းမှငါးသိန်းကြား အရောင်းအဝယ်ရှိခဲ့ပြီး ဖွန်လပိုင်းမှစ၍ ရေထွက်ကုန် ဝင်ရောက်မှုနှင့်တစ်ဆင့် ပြန်လည်ရောင်းချမှု လျော့ကျခဲ့ခြင်းဖြစ်ရာ ဩဂုတ်လ ပထမပတ်၌ တစ်ရက်လျှင် ကုန်ချိန်နှစ်သိန်းခွဲဖြင့် ရောင်းဝယ်လျက်ရှိသည်။ အစာဈေးမြင့်လာမှုကြောင့် ငါးမွေးကန်များ သားပေါက်ပြန်လည်မွေးမြူမှု နည်းလာခြင်း၊ ရေချိုမွေးမြူသူများ အမြတ်ရရှိမှုအခွင့်အလမ်း နည်းလာခြင်းနှင့် အလတ်စားနှင့် အသေးစား မွေးမြူမှု လျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ ပင်လယ်ငါး ဝင်ရောက်မှုတွင် ငါးကြီးများကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး ဈေးကွက်နည်းသော ငါးအသေးများကို ဈေးကွက်သို့တင်ပို့ခြင်း၊ ရန်ကုန်ငါးဈေးတွင် ရောင်းချနိုင်ရန် စစ်တွေနှင့် ထားဝယ်တွင်ဒိုင်ဖွင့်၍ ငါး/ပုစွန် တစ်ဆင့်ဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့ တစ်ဆင့် ပြန်လည် တင်ပို့နေရခြင်းတို့ကြောင့် လည်းကောင်း ရန်ကုန်တွင် ငါး/ပုစွန်ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဈေးမှာ ရေထွက်ကုန်ဈေးနှုန်း တက်တယ်။ အကြောင်းရင်းက ပင်လယ်ပြင်မှာ ငါးအထိအမိရှိပေမယ့် ရန်ကုန်ဆိပ်ကမ်းကို ငါးလှေတွေ ဝင်လာရင်ငါးကောင်းတွေမပါတော့ဘူး။ ငါးအသေးတွေပဲ ပါလာတယ်။ ရေငန်ငါးက သိသိသာသာကို အဝင်နည်းသွားတာ တစ်လနီးပါးရှိပြီ။ ရေချိုမွေးငါးဆိုရင် အစာဈေးနှုန်းမြင့်တဲ့အတွက် မွေးမြူမှုလျော့သွားပြီး လုပ်ငန်းရှင်ကြီးတွေပဲ မွေးမြူနိုင်တော့တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားမှာ အခက်အခဲရှိလာတာကြောင့် အရောင်းအဝယ်ဆက်ပြီး ယိုင်မသွားအောင် ဌာနဆိုင်ရာနဲ့ ဈေးသာယာရေးကော်မတီအားလုံး ဝိုင်းဝန်းပြီး ပူးပေါင်း ဆောင်ရွက်နေကြပါတယ်။ အရှုံးများလာရင်တော့ ငါးဒိုင်တွေ ရပ်သွားနိုင်တယ်" ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရှင်စောက ပြောသည်။

ရွှေပိတောက်ငါးဈေးသို့ ရေချိုငါး/ပုစွန် ၁၅ မျိုးနှင့် ရေငန်ငါး/ပုစွန်ခုနစ်မျိုး ဝင်ရောက်လျက်ရှိပြီး လက်ရှိဈေး တစ်ပိဿာလျှင် ငါးသလောက် ငွေကျပ် ၄၀၀၀၀ မှ ၅၀၀၀၀၊ ပုစွန်အကြီး ငွေကျပ် ၃၀၀၀၀၊ ပုစွန်အသေးငွေကျပ် ၂၀၀၀၀၊ ငါးကြင်းအကြီး ငွေကျပ် ၈၀၀၀၊ အသေးငွေကျပ် ၇၀၀၀၊ ငါးတန်ငွေကျပ် ၄၅၀၀၊ ရေချိုငါးမုတ် ငွေကျပ် ၃၀၀၀၊ ငါးခေါင်းပွ ငွေကျပ် ၅၅၀၀၊ ငါးမြစ်ချင်း ငွေကျပ် ၄၅၀၀၊ ပြည်ကြီးငါး ငွေကျပ် ၂၇၀၀၀၊ ကင်းမွန် ငွေကျပ် ၁၉၀၀၀၊ ရေဘဝဲငွေကျပ် ၁၈၀၀၀၊ ပလာတူး ငွေကျပ် ၃၀၀၀၊ ရွှေငါး ငွေကျပ် ၁၂၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# သဘာဝဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများဖြစ်ပွားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး စီမံခန့်ခွဲရာတွင် မဖြစ်ပွားမီကာလ၊ ဖြစ်ပွားနေစဉ်ကာလနှင့် ဖြစ်ပွားပြီးကာလဟူ၍ အပိုင်းသုံးပိုင်းရှိကြောင်း၊ ယင်းအပိုင်းသုံးပိုင်းသည် အရေးကြီးသည့် အပိုင်းများဖြစ်ကြောင်း၊ အထူးသဖြင့် မဖြစ်မီအခြေအနေတွင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ကောင်းကောင်းလုပ်နိုင်ပါက တုံ့ပြန်ရေးအပိုင်းတွင်လည်း ကောင်းလာနိုင်ပြီး တုံ့ပြန်ရေးကောင်းလာသည်နှင့်အမျှ ကျရောက်သည့် ပြင်းအားအတိုင်းမရှိဘဲ လျော့ပါးသက်သာစွာ ခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအခြေအနေကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုက အပိုင်းသုံးပိုင်းရှိပါတယ်။ အဲဒီသုံးပိုင်းအပေါ် ကြည့်တဲ့အခါ မဖြစ်မီအခြေအနေမှာ ကြိုတင်ပြင်ဆင်မှု ကောင်းကောင်းလုပ်နိုင်သလား၊ ပြည်သူတွေသိရှိသလား၊ ပူးပေါင်းပါဝင်မှုတွေ ရှိသလားဆိုတာတွေ ပြန်လည်ထူထောင်ရေးအပိုင်းတွေမှာ သက်ရောက်မှုတွေ ရှိပါတယ်။ ကြိုတင်ပြင်ဆင်မှုအားကောင်းနေရင် တုံ့ပြန်ရေးကောင်းလာပါတယ်။ နိုင်ငံတကာမှာဆိုရင် သဘာဝဘေးနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းတွေကို တကယ် အလေးထားလုပ်တယ်။ ဖြစ်ပွားပြီးမှ ဆောင်ရွက်တာနဲ့စာရင် မဖြစ်မီက ဆောင်ရွက်တဲ့အတွက် ထိခိုက်ပျက်စီးမှုနည်းတယ်။ နည်းတဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုရတဲ့ ဘတ်ဂျက်တွေ၊ ငွေတွေ၊ ဆက်စပ်ကဏ္ဍအလိုက် ဆုံးရှုံးမှုတွေ လျော့သွားပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းရင် အန္တရာယ်တစ်ခုခု ကျရောက်ခဲ့ပေမယ့် ဘေးအန္တရာယ် ဖြစ်လောက်တဲ့အထိ မခံစားရတော့ပါဘူး။ အဲဒါကြောင့် ဘေးဒဏ်ကို ကြံကြံခံတုံ့ပြန်ရင်ဆိုင်နိုင်တဲ့ အနေအထားကို တည်ဆောက်နေတာဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ရှင်းပြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့်အချိန်တွင် သက်ဆိုင်ရာဌာနများ၊ အုပ်ချုပ်မှုဆောင်ရွက်နေသည့် အဖွဲ့များနှင့်သာ ဆောင်ရွက်လို့ရသည့် လုပ်ငန်းမျိုးမဟုတ်ခြင်းကြောင့် ပြည်သူများကလည်း အဓိကပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူများ ပူးပေါင်းပါဝင်ပြီး လိုက်ပါဆောင်ရွက်မှသာ ဘေးဒဏ်ခံနိုင်သည့် လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း အသိပညာပေးဟောပြော

**ဒက္ခိဏသီရိ ဩဂုတ် ၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း အသိပညာပေး ကွင်းဆင်းဟောပြောခြင်းကို ဩဂုတ် ၃ ရက်က ရွှေခဲအင်းကျေးရွာတွင် ဆောင်ရွက်သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ထက်မမဖြိုးက ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါအကြောင်း၊ အရေပြားအကျိတ်နာ ရောဂါအကြောင်း၊ ထေင့်သန်းရောဂါအကြောင်း၊ ဝက်များတွင်ဖြစ်ပွားတတ်သော အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း၊ ဝက်ဝမ်းကျရောဂါများအကြောင်း၊ ကာကွယ်ဆေး၏ အကျိုးအာနိသင်များအကြောင်းနှင့် တိရစ္ဆာန်အစာပင်(နေပီယာမြက်)များ စိုက်ပျိုး၍ ကျွဲ၊ နွားများကို လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူစနစ်သို့ ပြောင်းလဲမွေးမြူခြင်းဖြင့် ရောဂါကူးစက်မှုကို သက်သာစေ၍ မွေးမြူရေးအောင်မြင်ဖြစ်ထွန်းစေပြီး မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးပွားစေကြောင်း အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ကျေးလက်နေပြည်သူများအား အခြေခံတိရစ္ဆာန်ကျန်းမာရေး လုပ်သားများက မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

**အောင်ကိုကို(ပြန်/ဆက်)**

# နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမား လေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ် ဘာကြောင့်ပေးရသလဲ

— မောင်မျိုးအောင်(ပန်းရော) —

နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် ဖိုးပေါက်ကွဲမှုသတင်းများ၊ အကြမ်းဖက်ခံရမှု သတင်းများကို တီဗွီ၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက် စာမျက်နှာများထက်တွင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ ထိုကဲ့သို့သော အမင်္ဂလာ သတင်းမျိုးကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသောကြောင့် သတင်းဖတ်သူတို့အဖို့ မထူးဆန်းတော့သည့် သတင်းအား ကြားရသည့်နှယ် ဖြစ်နေကောင်း ဖြစ်နေပေမည်။ သို့သော် လက်တွေ့မြေပြင်တွင် အမှန်တကယ် အကြမ်းဖက်ခံရသူများ၏ အသက်အန္တရာယ်နှင့် နောက်ကွယ်က မိသားစုဘဝတို့သည် များစွာပေးဆပ်နေကြရသည်။ ခြိမ်းခြောက်ခံနေရသည်။ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ပေါ်ခံစားနေရသည်။

ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို မည်သည့် အကြမ်းဖက်မှုကိုမျှ လိုလားမည် မဟုတ်ပေ။ မိမိနေထိုင်သည့် တိုင်းပြည်တွင် ငြိမ်းငြိမ်းချမ်းချမ်းသာ နေလိုကြ၏။ နိုင်ငံတစ်နိုင်ငံသည် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ တိုင်းပြည်အေးချမ်းမှုရှိမှသာ နိုင်ငံတိုးတက်မှုရှိမည်ဖြစ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေစိုးမိုးမှုရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသပါမကျန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတော်အလုံးစုံပျက်သုဥ်းရေး လမ်းကြောင်းပေါ်သို့ တွန်းပို့

ယနေ့ မြန်မာနိုင်ငံအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရပေါ်ပေါက်လာခဲ့ရသည့် အကြောင်းတရားကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမက ကမ္ဘာတစ်ဝန်းကလည်း သိပြီးဖြစ်ပါသည်။ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းသည် အသင့်လျော်ဆုံးဖြစ်ပါသည်။ ထိုအကြောင်းအရာကို မျက်ကွယ်ပြု၍ နိုင်ငံရေးအစွန်းရောက်သူများက အကြမ်းဖက်နည်းဖြင့် ဖြေရှင်းပြီး နိုင်ငံတော်အလုံးစုံပျက်သုဥ်းရေး လမ်းကြောင်းပေါ်သို့ တွန်းပို့ခဲ့ကြသည်။

မူလက သာမန်ဆန္ဒဖော်ထုတ်ရုံမျှသာရှိခဲ့ရာမှ အစွန်းရောက်များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံအတွင်းရှိ မြို့ရွာများ၌ ဆန္ဒပြသူ(Protester) အဖြစ်မှ အကြမ်းဖက် (Terrorist)အဖြစ်သို့ ပြောင်းလဲသွားကြ၏။ “ဒီမိုကရေစီရရှိရေး”မှ “အာဏာရှင်စနစ်ကျဆုံးရေး” ဟူသော အကြောင်းအရာသို့လည်းကောင်း၊ ၎င်းမှ “နိုင်ငံအလုံးစုံ ပျက်သုဉ်းရေး”ဟူသော ဦးတည်ချက်သို့လည်းကောင်း ဦးတည်လာကြသည်။ အဆိုပါဖြစ်စဉ်တို့သည် ပြည်သူလူထုအတွက် ရေးရှူချက်အဖြစ် ကြွေးကြော်သံများတွင်ပင် မပါဝင်ခဲ့ဘဲ လူတစ်စု၏ ကိုယ်ကျိုးစီးပွားနှင့် တစ်ပါတီကောင်းစားရေးကို အခြေပြုသည့် နိုင်ငံရေးအန်တုမှုအပေါ်ကနေ ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။




### CDM လုပ်ဆောင်မှုကို အားယူကာ အစိုးရကိုဖြုတ်ချရန် ဆောင်ရွက်

အကြမ်းဖက်မှုများ၏ အစအဖြစ် Social Punishment ခေါ် ၎င်းတို့နှင့် သဘောထားမတူသူ အပြစ်မဲ့ပြည်သူလူထုအား လူကြားထဲတွင် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းအရှက်ခွဲကာ CDM လုပ်ဆောင်ချက်အား စတင်ပုံဖော်ခဲ့သည်။ CDM လုပ်ဆောင်မှုကို အားတစ်ခုအဖြစ်ရယူကာ ပြည်ပအင်အားစုတို့နှင့် ပြည်တွင်းပုဆိန်ရိုးတို့ ပူးပေါင်းလှုံ့ဆော်ကာ အစိုးရကိုဖြုတ်ချရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အစိုးရ၏လုပ်ဆောင်ချက်အပေါ် စိတ်ဓာတ်ယိမ်းယိုင် သံသယဖြစ်အောင် လုပ်ဆောင်ရာမှအစပြု၍ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအကြား ပြည်ထောင်စုပြိုကွဲပြီး သွေးချောင်းစီးတိုက်ပွဲများဖြစ်လာသည်အထိ ရည်ရွယ်ကာ နိုင်ငံအတွက် ဆိုးရွားသည့် လုပ်ငန်းစဉ်များအား လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့သော လုပ်ငန်းစဉ်ဖန်တီးကြသူများမှာ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့နှင့် နိုင်ငံရေးအစွန်းရောက်များ ပါဝင်ဖွဲ့စည်းထားသည့် မတရားအသင်းအဖြစ် ကြေညာထားခြင်းခံရသော CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့အစည်းအားလုံးပင်ဖြစ်သည်။

ထိုအဖွဲ့အစည်းတို့သည် မြန်မာနိုင်ငံရှိ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုများအဖြစ် ပုဂ္ဂလိကနှင့် ပြည်သူပိုင်ပစ္စည်းများကို ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေရေး ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အဖွဲ့မှ ပါဝင်ကျူးလွန်ခဲ့သည့် လူပုဂ္ဂိုလ်အပေါ် တရားရုံးမှ ၎င်းတို့၏လုပ်ရပ်နှင့်အညီ တရားဥပဒေကြောင်းအရ ရာဇဝတ်မှုတစ်ခုအတွက် သင့်လျော်ရာပြစ်ဒဏ်ကို စီရင်ချက်ချကာ ပြစ်ဒဏ်တစ်မျိုးမျိုးပေးကြရသည်။

မကြာသေးမီက မတရားအသင်းနှင့် ဆက်သွယ်၍ နိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးနှင့် တရားမဝင်လက်နက်ကိုင်လူသတ်မှုများ ကျူးလွန်ခဲ့သည့် လူပုဂ္ဂိုလ်တစ်စုအပေါ် တရားရုံးမှ ထိုက်သင့်သည့် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခဲ့မှုနှင့် ပတ်သက်ပြီး အနောက်နိုင်ငံအချို့နှင့် ကုလသမဂ္ဂတို့က တာဝန်မဲ့ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြသည်။ လူ့အခွင့်အရေး အကြောင်းပြပြီး ရှုတ်ချခဲ့ကြ၏။ ပြစ်မှုကျူးလွန်သူများကို ဒီမိုကရေစီသူရဲကောင်းဟု တံဆိပ်ကပ်၏။ ပြစ်ဒဏ်နှင့်ထိုက်သင့်သည့် ပြစ်ဒဏ်စီရင်မှုအပေါ် အမျိုးမျိုးဝေဖန် ကန့်ကွက်လာကြသည်။ လူ့အသက်ကို တန်ဖိုးမထားသော လုပ်ရပ်များကို မျက်ကွယ်ပြုချင်ကြ၏။ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုဝင်များသာ ထိုကဲ့သော အကြမ်းဖက်မှုမျိုးနှင့် ကြုံတွေ့ခဲ့ရလျှင် အဆိုပါ ထုတ်ပြန်ချက်များ ထုတ်ပြန်နေဦးမည်လားဟု မေးမြန်းရမည်သာဖြစ်၏။ အခြားတစ်ဖက်တွင် ဒီမိုကရေစီအရေး လှုပ်ရှားပါသည်။ တပ်မတော်က နိုင်ငံ၏ အာဏာကိုရယူသဖြင့် တွန်းလှန်ရပါသည်ဟု ဆိုရုံမျှဖြင့် လူသတ်ဖြတ်ခြင်း၊ မိုင်းဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို တရားလက်လွှတ်လုပ်ခွင့်ရှိသည်လားဟု မေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လက်ရှိအစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် အခွင့်အာဏာများကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် လူမျိုး၊ ကိုးကွယ်သည့် ဘာသာနှင့် ကျား/မ မခွဲခြားဘဲ တန်းတူညီမျှအခွင့်အရေး ရရှိခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ တရားဥပဒေများအား လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ တည်ဆဲဥပဒေများအရ နိုင်ငံသားတိုင်း၏ အခြေခံလူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**❍ နိုင်ငံအတွင်း အကြမ်းဖက်မှုမျိုးစုံကျူးလွန်ထားသော ပြစ်ဒဏ်သင့်အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအပိုဒ် ၄၉ (က)၊ ၅၀ (ဈ) နှင့် ၅၀ (ည) တို့အား ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစွာ စစ်ဆေးတွေ့ရှိရသည့်အတွက် တရားရုံးကၛင်းတို့နှင့်ထိုက်တန်သည့် စီရင်ချက်ချမှတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်မှာလွတ်လပ်၍ နိုင်ငံသားတိုင်းအတွက် သာတူညီမျှဖြစ်ပါသည်။ ခေတ်စကားအရဆိုရလျှင် အစိမ်း၊ အနီ၊ အပြာ၊ အဝါမခွဲခြားထား။ လူမျိုးစုကိုသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုကိုသော်လည်းကောင်း ခွဲခြားကန့်သတ်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိ**

*စာမျက်နှာ ၉ သို့*

အသက်ကယ်တင်ရမည့် အောက်ဆီဂျင်အိုးများအတွင်း လူသတ်ရန် လက်နက်/ခဲယမ်းများ သို့ဝှက်သယ်ဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



အသက်ကယ်တင်ရမည့် အောက်ဆီဂျင်အိုးများအတွင်း လူသတ်ရန် လက်နက်/ခဲယမ်းများ သို့ဝှက်သယ်ဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဂျင်မီ အား ဖမ်းဆီးရမိစဉ် ပြည်သူလူထုအား ပစ်မှတ်ထား သတ်ဖြတ်ရန် စုဆောင်းထားသည့် လက်နက်/ခဲယမ်းများနှင့်အတူ တွေ့မြင်ရပုံ




*စာမျက်နှာ ၈ မှ*

**ပြစ်မှုထင်ရှားစွာ စစ်ဆေးတွေ့ရှိ ထိုက်တန်သည့် စီရင်ချက်ချမှတ်**

နိုင်ငံအတွင်း အကြမ်းဖက်မှုမျိုးစုံ ကျူးလွန်ထားသော ပြစ်ဒဏ်သင့် အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအပိုဒ် ၄၉ (က)၊ ၅၀ (ဈ) နှင့် ၅၀ (ည) တို့အား ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစွာ စစ်ဆေးတွေ့ရှိရသည့်အတွက် တရားရုံးက ၎င်းတို့နှင့် ထိုက်တန်သည့် စီရင်ချက်ချမှတ်ခဲ့ခြင်းသာဖြစ်ပါသည်။ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်မှာ လွတ်လပ်၍ နိုင်ငံသားတိုင်းအတွက် သာတူညီမျှဖြစ်ပါသည်။ ခေတ်စကားအရဆိုရလျှင် အစိမ်း၊ အနီ၊ အပြာ၊ အဝါ မခွဲခြားထား။ လူမျိုးစုကို သော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုကို သော်လည်းကောင်း ခွဲခြားကန့်သတ်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိသည်ကို သတိချပ်သင့်ပါသည်။

အကြမ်းဖက်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူများဖြစ်သည့် မောင်ကျော်(ခ) ဖြိုးဇေယျာသော်နှင့် ဂျင်မီ (ခ) ကျော်မင်းယုတို့သည် အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သဘောထားမတိုက်ဆိုင်သည့် နိုင်ငံရေးပါတီများအပါအဝင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန်အတွက် ပေါက်ကွဲအားမြင့်မားသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် သေစေနိုင်သည့် လက်နက်များကို နောက်ကွယ်မှ ပံ့ပိုးပေးခဲ့သည့် ကြိုးကိုင်စီစဉ်ညွှန်ကြားသူများ ဖြစ်ပါသည်။

**အောက်ဆီဂျင်အိုးများအတွင်း လက်နက်/ ခဲယမ်းများသယ်ဆောင်**

ထိုသို့နှယ် အကြမ်းဖက်သတ်ဖြတ်မှု၊ ဖောက်ခွဲတိုက်ခိုက်မှုများအတွက် လက်နက်/ခဲယမ်းများ သယ်ယူမှုစနစ်တွင်ပင် ၎င်းတို့၏ စိတ်စေတနာအား သိသာနိုင်ပါသည်။ ကိုဗစ်တတိယလှိုင်းကာလဆိုလျှင် အများမြင်သာမည်ထင်သည်။ မမျှော်မှန်းနိုင်သည့် အခြေအနေတွင် အောက်ဆီဂျင်အခက်အခဲကကြီးမားလာသည်။ လိုအပ်သည့် အောက်ဆီဂျင်အတွက် နိုင်ငံတော်မှ နည်းမျိုးစုံကြိုးစားမှုများအပြင် အရပ်သားပြည်သူများကိုပါ အောက်ဆီဂျင်ဝယ်ယူတင်သွင်းခွင့်ကို ခွင့်ပြုခဲ့သည်။ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ကြိုးစားနေသည်ဟူသော သတင်းများရထားသည့်တိုင် ပြည်သူများ အဆင်ပြေပါစေတော့ဟူတော့ စေတနာစိတ်ဖြင့် အောက်ဆီဂျင်နှင့် ဆေးပစ္စည်းများ တင်သွင်းပါက စစ်ဆေးမှုကို ကင်းလွတ်ခွင့်ပြုပေးခဲ့သည်။ နိုင်ငံတော်မှ စေတနာမှန်ခဲ့သည့်တိုင် အကြမ်းဖက်သမားများအတွက်တော့ ခွင်ဖြစ်ခဲ့သည်မှာ ပြည်သူတို့အတွက် ဒုက္ခများစွာဖြစ်ခဲ့သည်။ ပြည်သူများ အသက်ရှည်စွာ အနာမဲ့စေရေး နိုင်ငံတော်အစိုးရ၏စေတနာကို အကြမ်းဖက်သမားများက အရောင်ဆိုးသည်။ ဆေးနှင့်ဆေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများအတွင်း လက်နက်/ခဲယမ်းများကို ကွယ်ဝှက်သယ်ဆောင်ကြသည်။ ပြည်သူ မသေစေလိုသော စေတနာကို ပြည်သူသေစေမည့် ဝေဒနာများဖြစ်လာမည့် လက်နက်/ခဲယမ်းများဖြင့် တိုင်းပြည်နှင့် ပြည်သူကို ဒုက္ခဝေစေခဲ့သည်။ ဤသို့ပြုမူမှုကို မည်သည့်နိုင်ငံ၊ မည်သည့်ဒေသတွင် လူ့ကျင့်ဝတ်အရ၊ ဥပဒေအရ ခွင့်လွှတ်သင့်သည်ဟု ပြဆိုထားပါသနည်းဟုမေးပါက အဖြေရှိမည်မဟုတ်ပေ။

မောင်ကျော်(ခ) ဖြိုးဇေယျာသော် နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် ပြည်သူလူထုကိုသတ်ဖြတ်မည့် လက်နက်/ခဲယမ်းများ



အကြမ်းဖက်မှုပြစ်ဒဏ် ကျူးလွန်ခဲ့သည့် ကျော်မင်းယု (ခ) ဂျင်မီ၏ ပြစ်ဒဏ်ကျူးလွန်ခဲ့မှုနှင့် ပတ်သက်၍ ၎င်းသည် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH/NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေးသူဖြစ်သည်။ ၎င်း၏ လူသိများသည့် အခွင့်အရေးအား အသုံးချ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန် အကြောင်းရှိသည့် ရေးသားချက်၊ ပြောဆိုချက်များကို Social မီဒီယာများ၊ လူမှုကွန်ရက်များကို အသုံးပြုလုပ်ဆောင်ခဲ့မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် တရားရုံးမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရာကြီးအမှတ်(၂၆)၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လူဖမ်းဝရမ်းထုတ်ဆင့်ခဲ့ပြီးဖြစ်သည့် တရားခံပြေးတစ်ဦး ဖြစ်ပါသည်။

**လက်နက်ကိုင်တိုက်ခိုက်ရန်နှင့် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်**

ကျော်မင်းယု (ခ) ဂျင်မီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေး သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ဧပြီလ ၂ ရက်တွင် ဇနီးဖြစ်သူ နီလာသိန်းနှင့်အတူ ထိုင်းနိုင်ငံ မဲဆောက်သို့ သွားရောက်တိမ်းရှောင်ခဲ့ပြီး ဖောက်ခွဲဖျက်ဆီးရန်၊ လက်နက်ကိုင်တိုက်ခိုက်ရန်နှင့် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Moon Light Operation အဖွဲ့အား စတင်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့တွင် ဖြိုးဇေယျာသော် Yangon Urban Guerilla-YUG အဖွဲ့နှင့် ရန်ကုန်တိုင်း PDF အဖွဲ့များ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများ၊ စာသင်ကျောင်းစသည့် စစ်ရေးနှင့်မဆိုင်သည့် ပစ်မှတ်များအား ပစ်မှတ်ထားတိုက်ခိုက်မည့် အကြမ်းဖက်စစ်ဆင်ရေး တစ်ရပ်အား ၂၀၂၁ ခုနှစ်၊ မေလတွင်စတင် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။ သူတို့၏ စတင်ဖွဲ့စည်းစဉ် ရည်ရွယ်ချက်၊ ဦးတည်ပစ်မှတ်ထား တိုက်ခိုက်မည့် ပစ်မှတ်များကို သတိပြုမိပါသလော။ စောကြောမိပါသလော။ အမေးလွယ်သကဲ့သို့ အဖြေလည်း ခက်မည်မဟုတ်ပါ။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ထိုသို့သော မဟာအကြမ်းဖက်လုပ်ရပ်များအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ D-Day သတ်မှတ်ပေးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ငန်းကြီး - Mission ၈ ခု ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး Mission-1၊ Mission-2 နှင့် Mission-3 တို့အား အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အနီးကပ်ကြပ်မတ်လုပ်ဆောင်ခဲ့သည်။ ဆက်လက်လုပ်ဆောင်မည့် Mission-4၊ Mission-5၊ Mission-6 ၊ Mission-7 ၊ Mission-8 တို့အား မြို့နယ် ၆ မြို့နယ်တွင် ကြီးမားသည့် ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုအဖြစ် ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားပြီး လုပ်ဆောင်စဉ် ၎င်း၏နေအိမ်၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် သေနတ် ၁၇ လက်အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG/CRPH တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ)ဂျင်မီအား တရားရုံးက ၎င်းနှင့် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သေဒဏ်ထိုက်သင့်သည့် ပြစ်ဒဏ်များအတွက် မထိုက်သင့်ဟုယူဆသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ကြေညာချက်ထုတ်ပြန်သည့် ရုံးအဖွဲ့အစည်းများကို ထုတ်လိုသည့်မေးခွန်းမှာ ထိုကဲ့သို့ အကြမ်းဖက်၍ သတ်ဖြတ်ခံရသူများထဲတွင် သင့်မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းများပါဝင်ပါက မည်သို့သဘောဆောင်၍ ကန့်ကွက်လိုပါသနည်း။ ၎င်းအကြမ်းဖက်သမားများက အကြမ်းဖက်မှုနှင့် လူသတ်မှုများ ထပ်မံလုပ်ဆောင်ရန် အကြံအစည်များလည်း ရှိသေးသည်ဆိုလျှင် ဒီမိုကရေစီအတွက် လုပ်တာပဲ။ လက်ခံရမည်လို့ ခံယူထားပါသလား . . . . .၊ သူ့နေရာမှာ ကိုယ်သာဆိုလျှင်ဆိုသော ကိုယ်ချင်းစာစိတ်အပြည့်နှင့် ဖြေကြည့်စေလိုပါသည်။

**NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း စေခိုင်းချက်အရ အကြမ်းဖက်ဆောင်ရွက်**

၎င်းအပြင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း၏ စေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် NLD လွှတ်တော်အမတ်ဟောင်း မောင်ကျော် (ခ) ဖြိုးဇေယျာသော်သည် ၂၀၀၈ ခုနှစ်တွင် နိုင်ငံခြားငွေကိုင်ဆောင်မှု၊ တရားမဝင်အသင်းအဖွဲ့ ပုဒ်မ ၆/၈၈ တို့ဖြင့် စုစုပေါင်းထောင်ဒဏ် ၆ နှစ် ချမှတ်ခံခဲ့ရသူဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဖြိုးဇေယျာသော်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယအပတ်မှစပြီး ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်ရောက်ချိန်တွင် အစိုးရကို လုံးဝအုပ်ချုပ်၍မရအောင်၊ နည်းလမ်းပေါင်းစုံနှင့် တိုက်ခိုက်ရန်၊ အနှောင့်အယှက်ပေးရန်၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြမှုများဖြစ်စေရန် ဦးစီးဆောင်ရွက်ခဲ့သည်။ စစ်ရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များ ချိတ်ဆက်ရေး NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့သည်။ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း ရေရှည်ရပ်တည်နိုင်ရေး အကောင်အထည်ဖော်ရန် ကွန်ရက်များအားကောင်းလာအောင် ဆောင်ရွက်ရန် Plan ပေါင်းများစွာအား ချမှတ်ဆောင်ရွက်ခဲ့သည်။ နယ်မြေထိန်းတိုက်ပွဲများဆင်နွှဲသည့်အခါ EAO များမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေနှင့် တိုက်ပေးမည်ဆိုသည့် Plan များလည်း ပါရှိသည်။


**Zoom Meeting လုပ်၍ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးပစ်မှတ်များတိုက်ခိုက်**

ဖြိုးဇေယျာသော်သည် Teams များအများအပြားဖွဲ့စည်းပြီး Phase များ တဖြည်းဖြည်း အဆင့်မြှင့်တင်လုပ်ဆောင်ခဲ့ပါသည်။ Mission များ အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လက်နက်တိုက်၊ Save House၊ Withouts Cars ၊ Operation Cost စသည်များအား ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ Mission တစ်ခုလုပ်ပြီး ခိုအောင်းရန်နေရာအထိပင် အသေးစိတ်ဆောင်ရွက်ခဲ့ပြီး စစ်ရေးစီမံချက်များချခဲ့သည်။ နိုဝင်ဘာလ ၄ ရက်တွင် Zoom Meeting လုပ်၍ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးပစ်မှတ်များအား အလုံးစုံပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လုပ်ဆောင်လာခဲ့သည်။ Mission များ လုပ်သည့်နေရာ၌ ဖြိုးဇေယျာသော်သည် ကိုယ်တိုင်ပါဝင်စီစဉ်ခြင်းနှင့် လမ်းညွှန်ချမှတ်ပေးခြင်းများကိုပါ လုပ်ဆောင်ခဲ့သည်။

ဖြိုးဇေယျာသော် ဦးစီးသည့် အကြမ်းဖက် ၂၀ ဖွဲ့သည် ပြည်သူပိုင်အဆောက်အဦများကို ဗုံးထောင်ဖောက်ခွဲမှု အကြိမ်ရေ ၃၀ ခန့်၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစိုးရရုံးများအား ဗုံးထောင်ဖောက်ခွဲမှု ၃၂ ကြိမ်ခန့်၊ လျှပ်စစ်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၌ ၉ ကြိမ်ခန့်နှင့် CCTV ထိန်းချုပ်ရေးစနစ်များကို ၅ ကြိမ်၊ အများပြည်သူပိုင်နေရာများ၌ ဗုံးဖောက်ခွဲမှုအကြိမ်ပေါင်း ၆၀ ခန့် ကျူးလွန်လုပ်ဆောင်ခဲ့ပြီး အပြစ်မဲ့ပြည်သူအများအပြား သေကျေထိခိုက်ဒဏ်ရာရရှိစေခဲ့ပါသည်။ ထို့အပြင် သာသနိက အဆောက်အဦများ အနီးတွင် ၂ ကြိမ်ခန့်နှင့် စာသင်ကျောင်းများ၌ ၃ ကြိမ် စုစုပေါင်း ၁၆၂ ကြိမ်၊ လက်နက်/ခဲယမ်းများ ထုတ်ပေး၍ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦး၊ အပြစ်မဲ့ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

တိုင်းပြည်တည်ငြိမ်မှု ပျက်ပြားကာ ပြည်သူလူထုအား သတ်ဖြတ်ရန် ဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဖြိုးဇေယျာသော်၏ မှတ်စုစာအုပ်အတွင်းမှ တိုင်းပြည်နှင့် လူမျိုးအား ပျက်စီးစေရန် ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်များ



# အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**ဘားအံ ဩဂုတ် ၅**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ရယူဆွတ်ခူးခဲ့သော အောင်ပွဲရ ကရင်ပြည်နယ် ဘောလုံးအသင်းသည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကရင်ရိုးရာ ယဉ်ကျေးမှုဒုံးအဖွဲ့များက အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထိုသို့ ကြိုဆိုကြရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဘားအံမြို့နေ အားကစားဝါသနာရှင် မိဘပြည်သူများက ဂုဏ်ပြုပန်းစည်းများ(**အပေါ်ယာပုံ**)၊ ဆုငွေများဖြင့် လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုကြပြီး အောင်ပွဲရ အားကစားသမားများသည် အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ မော်တော်ယာဉ်များဖြင့် ဘားအံမြို့တစ်ပတ်လှည့်လည် အောင်ပွဲခံကြသည်။

ထို့နောက် အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ မင်္ဂလာရှိသော အခမ်းအနားမျိုးကို ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကြိမ်ပေါင်းများစွာ ကျင်းပခွင့်ရရှိလိုပါကြောင်း၊ ပြည်ထောင်စုတံခွန်စိုက်ဆုဖလားကြီးကို အောင်မြင်စွာ ရယူဆွတ်ခူးပေးခဲ့သည့်အပေါ် ကရင်ပြည်နယ်သူ/ပြည်နယ်သားအားလုံးကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပြည်နယ်သူ/ပြည်နယ်သားများ ဂုဏ်တက်စေမည့် တံခွန်စိုက်ဆုဖလားကို ပြည်နယ်၏ ဖွဲ့ကပင်တောင်အရိပ်အောက်တွင် နားခိုနိုင်ရန် ကြိုးကုပ်အားထုတ် ဆောင်ရွက်ပေးခဲ့ပါသော အသက် (၁၉) နှစ်အောက် ကရင်ပြည်နယ် ဘောလုံးအသင်း၏ အုပ်ချုပ်မှုအဖွဲ့နှင့် အားကစားသမားများအားလုံးကို ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဘောလုံးအသင်း၏ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများက ပြည်ထောင်စုတံခွန်စိုက်ဆုဖလားကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှံကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ နှင့် အုပ်ချုပ်မှုအဖွဲ့အား ငွေကျပ် ၁၀ သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ကာ ပြည်နယ်ဘောလုံးဆပ်ကော်မတီ၊ အောင်နိုင်ရေးကော်မတီဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များက စုစုပေါင်း ငွေကျပ် ၁၂၉ သိန်းကို ဂုဏ်ပြုချီးမြှင့်ကြသည်။

ထို့နောက် ကရင်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးအသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြား၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုနှင့် နိုင်ငံအလိုက် အဆင့် ၆ ရရှိ

**ရန်ကုန် ဩဂုတ် ၅**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယနေ့ယှဉ်ပြိုင်မှုတွင် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ ရေကူးအားကစားနည်းမှ ငွေတံဆိပ်နှစ်ခု၊ ဘောလုံးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် အလေးမအားကစားနည်းမှ ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် MANAHAN ကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ JATIDIRI ရေကူးကန်၌ ကျင်းပသည့် ရေကူးပြိုင်ပွဲ၊ UNS ကွင်း၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲနှင့် Solo Paragon Hotel ၌ ကျင်းပသည့် အလေးမပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် အောင်ဘုန်းမြတ်က ရွှေတစ်ခု၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် အောင်ထွန်းလင်းက ငွေတစ်ခု၊ တင်ညိုက ကြေးတစ်ခု၊ အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် နိုဇင်က ငွေတံဆိပ်တစ်ခု၊ အမျိုးသားမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်ဖုန်းက ငွေတံဆိပ် တစ်ခု၊ ဘောလုံးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုနှင့် အလေးမပြိုင်ပွဲတွင် မင်းဇော်ဝင်းက ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမိုးက အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းလွင်အား လည်းကောင်း၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေး၊ လေ့ကျင့်ရေး) ဦးဝင်းမြင့်နှင့် ပါမောက္ခ ဒေါက်တာသန်းသန်းဌေးတို့က သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ကစားသမားအားလည်းကောင်း၊ မြန်မာမသန်စွမ်း အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းနိုင်ဦးက ကျန်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် ရရှိခဲ့သည့် အားကစားသမားများအား လည်းကောင်း အသီးသီး ဆုချီးမြှင့်ပေးအပ်သည်။

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက် ဘော်လီဘောနှင့် အလေးမ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုမှာ အဆင့်ခြောက် ရရှိခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝူရှူးအားကစားတွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆု ထပ်မံဆွတ်ခူး

**နေပြည်တော် ဩဂုတ် ၅**

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ အူဘွန်ရတ်ချဌာနီမြို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက Sunee Tower ၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များတွင် မြန်မာဝူရှူး အားကစားအဖွဲ့မှ မအေးသစ္စာမြင့်က ငွေတံဆိပ်ဆုနှင့် မောင်ခန့်မင်းထက်က ကြေးတံဆိပ်ဆုများကို ထပ်မံဆွတ်ခူးရရှိသည်။

**ယှဉ်ပြိုင်သွားမည်**

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲတွင် ပွဲစဉ်လေးမျိုး ကျင်းပခဲ့ပြီး ပွဲစဉ် (၂)ဖြစ်သည့် အမျိုးသမီး နန်းချွမ် (Nanquan) ပြိုင်ပွဲ၌ ဒဂုံတက္ကသိုလ်ကျောင်းသူ မအေးသစ္စာမြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၅၂ ဖြင့် ဒုတိယ ငွေတံဆိပ်ဆုကို ရရှိကာ ပွဲစဉ်(၄) ဖြစ်သည့် အမျိုးသားထိုက်ချီချွမ် (Taijiquan)ပြိုင်ပွဲတွင် ကျောက်ဆည်တက္ကသိုလ် ကျောင်းသား မောင်ခန့်မင်းထက် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၄၁ ဖြင့် တတိယ ကြေးတံဆိပ်ဆုကို ရရှိပြီး မြန်မာဝူရှူးအားကစားအဖွဲ့အနေဖြင့် ဝူရှူးအားကစားနည်း နှစ်မျိုးကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအားကစားအဖွဲ့အနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူး အားကစားနည်း လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယမန်နေ့က ဆွတ်ခူးရရှိသော ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ဘောလုံးအားကစားပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခုအပါအဝင် ယနေ့အထိ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုကို ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




အမျိုးသမီး နန်းချွမ် (Nanquan) ပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ဆုရရှိသည့် မအေးသစ္စာမြင့်နှင့် ပထမနှင့် တတိယဆုရရှိသူများ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၅

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့် အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာ သင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လ ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေး ကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၁၅ | ၁၆၆၀ | ၁၆၅၅ | ၁၆၂၀ | ၁၆၆၀ | ၁၆၈၀ | ၁၆၆၅ | ၁၆၄၅ | ၁၇၄၀ | ၁၇၅၅ | ၁၆၅၀ | ၁၆၆၀ | ၁၆၉၅ | ၁၆၉၅ | ၁၇၀၀ | ၁၉၁၅ | ၂၆၉၅ |
| 95 Ron | ၁၆၆၅ | ၁၇၁၅ | ၁၇၁၀ | ၁၆၇၅ | ၁၇၁၀ | ၁၇၃၅ | ၁၇၂၀ | ၁၇၀၀ | ၁၇၉၅ | ၁၈၁၀ | ၁၇၀၅ | ၁၇၂၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၉၇၀ | ၂၇၅၀ |
| HSD (500 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၅ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၃၀၄၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၂၆ | ၁၅၉၀ |
| 95 Ron | ၁၅၇၉ | ၁၆၄၄ |
| HSD (500 ppm) | ၁၈၇၀ | ၁၉၃၇ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရက်ပေါင်း ၁၅၀ ကြာပြီးနောက် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား နျူကလီးယားဆွေးနွေးပွဲသစ် ပြန်လည်စတင်

တီဟီရန် ဩဂုတ် ၅

**ရက်ပေါင်း ၁၅၀ ကြာရပ်နားပြီးနောက် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ၂၀၁၅ နျူကလီးယားသဘောတူညီချက် ပြန်လည်သက်ဝင်ရေးအတွက် ဆွေးနွေးပွဲအသစ်တစ်ခုကို ဗီယင်နာ၌ ဩဂုတ် ၄ ရက်က ပြန်လည်စတင်ခဲ့ကြောင်း အီရန် တရားဝင် သတင်းအေဂျင်စီ အိုင်အာရ်အင်န်အေက ဖော်ပြသည်။**

အီရန်နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူးအကြီးအကဲ အလီဘာဂါရီကာနီ ဦးဆောင်သည့် အီရန်ညှိနှိုင်းရေးအဖွဲ့သည် ဗီယင်နာရှိ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာ ရုရှားအမြဲတမ်း ကိုယ်စားလှယ်နှင့် ဗီယင်နာဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအကြီးအကဲ မိခေးလ် ယူလျန်နော့ဗ်ဦးဆောင်သည့် ရုရှားညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်ဖက်အဖွဲ့များသည် ထူးထူးခြားခြား ပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ရန် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများအပေါ် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ယူလျန်နော့ဗ်က ပြောကြားခဲ့သည်။

အီရန်နျူကလီးယားဆွေးနွေးပွဲအတွက် အီရန်နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူးအကြီးအကဲ အလီဘာဂါရီကာနီသည် ဥရောပသမဂ္ဂညှိနှိုင်းရေးမှူး အန်းရစ်မော်ရာနှင့်သာမက ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ် ပီတာလန်စကီ-တိုင်ဖန်တယ်နှင့်လည်း တွေ့ဆုံခဲ့သည်။

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် ဇူလိုင်လက ပူးတွဲအကောင်အထည်ဖော်မှု ဘက်စုံစီမံချက် (ဂျေစီပီအိုအေ) ဟု လူသိများသည့် နျူကလီးယားသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ဆင်ဟွာ



အီရန်နျူကလီးယား ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးနေသူများကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ နိုက်ကလပ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ လူ ၁၃ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိ

တိုကျို ဩဂုတ် ၅

ထိုင်းနိုင်ငံအရှေ့ပိုင်း နိုက်ကလပ်တစ်ခုတွင် ဩဂုတ် ၅ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ၁၃ ဦး သေဆုံးကြောင်း သိရသည်။ ထိုင်းနိုင်ငံအရှေ့ပိုင်း ချွန်ဘူရီပြည်နယ်၌ ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင် မီးလောင်မှု စတင်ဖြစ်ပွားကြောင်း ထိုင်းနိုင်ငံရဲတပ်ဖွဲ့က ပြောကြားသည်။



ထိုင်းနိုင်ငံနိုက်ကလပ်တစ်ခု၌ မီးလောင်နေသည်ကို တွေ့ရစဉ်။

မီးလောင်မှု ဖြစ်ပွားပြီး နှစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားကြောင်း၊ မီးလောင်မှုကြောင့် ဈေးဝယ်သူများနှင့် အလုပ်သမား ၁၃ ဦး သေဆုံးကြောင်း၊ အခြားလူ ၄၀ မှာ ဆေးကုသမှုခံယူနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ နိုက်ကလပ်မှာ ဘန်ကောက်မြို့မှ နှစ်နာရီခန့်ကြာမောင်းနှင်ရပြီး ဒေသခံများ မကြာခဏ သွားလေ့ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ လူများစည်ကားနေကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ဒေသခံရဲများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်ကလည်း ဘန်ကောက်မြို့လယ်ရှိ နိုက်ကလပ်တစ်ခုတွင် နှစ်သစ်ကူးပွဲတော်ကျင်းပနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၆၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၂၉၀၁ ဦးထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၅

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ဩဂုတ် ၄ ရက်သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၁၂၉၀၁ ဦး တွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၂၀၂၇၃၀၁၁ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

ကိုဗစ်-၁၉ နေ့စဉ် ရောဂါကူးစက်မှုနှုန်းမှာ ယခင်ရက်ကထက် မြင့်တက်ခဲ့ပြီး လွန်ခဲ့သော သီတင်းပတ်ထက် ၈၅၂၉၈ ဦး ပိုမိုများပြားကြောင်း ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီမှ သိရသည်။ လွန်ခဲ့သော ရက်သတ္တပတ်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၉၃၂၃၆ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ၄၉၇ ဦးရှိသဖြင့် ပြည်ပပြန်ကူးစက်ခံရသူစုစုပေါင်း ၄၆၈၁၈ ဦး ရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ရောဂါပြင်းထန်သောအခြေအနေတွင်ရှိသူ ၃၂၀ ရှိပြီး ယမန်နေ့ကထက် ၁၀ ဦးတိုးလာသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၇ ဦးကျော်ရှိရာ အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၁၉၁ ဦးရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် စုစုပေါင်းသေဆုံးသူနှုန်းမှာ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### တောင်ကိုရီးယားနိုင်ငံ ဆေးရုံ၌ မီးလောင်မှုဖြစ်ပွား ငါးဦးသေဆုံးပြီး ၄၄ ဦးဒဏ်ရာရရှိ

ဆိုးလ် ဩဂုတ် ၅

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏ အရှေ့တောင်ပိုင်း ၅၀ ကီလို မီတာခန့်အကွာ အင်ချွန်းမြို့ဆေးရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၄၄ ဦးဒဏ်ရာရရှိကြောင်း ယွန်းဟပ်သတင်းဌာနက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။ ဆေးရုံ၌ လူနာ ၃၃ ဦးနှင့် ဆေး ဝန်ထမ်း ၁၃ ဦးအနက် လူနာလေးဦးနှင့် သူနာပြုတစ်ဦးသေဆုံးကြောင်း သိရသည်။ မီးခိုးမွန်မှုကြောင့် ဒဏ်ရာရရှိသူ ၄၄ ဦးရှိပြီး လေးဦးမှာ ရောဂါပြင်းထန်သော အခြေအနေတွင်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### ဂျပန်နိုင်ငံ နီဂါတာပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်း အိမ်ရာပေါင်းများစွာ ရေလွှမ်းမိုးမှုဖြစ်

တိုကျို ဩဂုတ် ၅

ဂျပန်နိုင်ငံမြောက်ပိုင်း နီဂါတာပြည်နယ်၌ ဩဂုတ် ၄ ရက် နေ့လယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ မူရာခါမိမြို့ရှိ လူတစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိပြီး အခြားတစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူရာခါမိမြို့ စီခီခါဝါရွာနှင့် တိုင်နိုင်မြို့တို့တွင် အိမ်ရာပေါင်းများစွာ ရေလွှမ်းမိုးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## အိန္ဒိယနိုင်ငံ၌ အဖုအကျိတ်အရေပြားရောဂါကြောင့် ကျွဲ၊ နွားကောင်ရေ ၅၈၀၀ ကျော်သေဆုံး

နယူးဒေလီ ဩဂုတ် ၅

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်နှင့် ဂူဂျာရတ်ပြည်နယ်တို့၌ အဖုအကျိတ်အရေပြားရောဂါ ဖြစ်ပွားကြောင်း ဩဂုတ် ၅ ရက်တွင် အာဏာပိုင်များက ပြောကြားသည်။ အဆိုပါရောဂါမှာ ခရိုင် ၁၆ ခုတွင် ပျံ့နှံ့လျက်ရှိပြီး အထူးသဖြင့် နွားများတွင် ကူးစက်ဖြစ်ပွားကြောင်း ရာဂျက်စတန်ပြည်နယ် မွေးမြူရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ရောဂါကြောင့် ကျွဲ၊ နွားကောင်ရေ ၅၀၀၀ ကျော်သေဆုံးပြီး အများဆုံး နွားကောင်ရေ ၁၂၀၀၀၀ ကျော် ကူးစက်ခံရကြောင်း တိရစ္ဆာန်မွေးမြူရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

## အမေရိကန်သမ္မတ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ အခြေအနေတိုးတက်ကောင်းမွန်

ဝါရှင်တန် ဩဂုတ် ၅

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသော ချောင်းဆိုးခြင်းမှာ တစ်နေ့တခြား အခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း ၎င်း၏ ဆရာဝန်က ဩဂုတ် ၄ ရက်က ပြောကြားလိုက်သည်။

ဘိုင်ဒင်သည် ယနေ့ အလွန်နေကောင်းနေပြီဖြစ်ကြောင်း၊ သို့သော်လည်း ၎င်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက် ရှိသေးကြောင်း အိမ်ဖြူတော်သမားတော် ဒေါက်တာ ကယ်ဗင် အိုကွန်နာက နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဘိုင်ဒင်သည် စီးပွားရေးနှင့် အလုပ်သမားခေါင်းဆောင်များနှင့် ငွေကြေးဖောင်းပွမှု လျှော့ချရေးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ဗာကျူရယ်နည်းစနစ်အသုံးပြုကာ စကားဝိုင်းပုံစံဖြင့် ဆွေးနွေးခဲ့သည်။

ဆင်ဟွာ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

# ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၅**

၂၀၂၂ ခုနှစ် (၆၁) ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ာနချုပ်၊ ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တပ်မတော် (လေ) မှအရာရှိကြီးများ၊အရာရှိ/စစ်သည်၊မိသားစုဝင်များ၊ တပ်မတော် ပြေးခုန်ပစ်အဖွဲ့မှတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသောအားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ် စိုးအောင်ကလည်းကောင်း ဆုများ ပေးအပ်သည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MNL ပွဲစဉ် (၇) ယနေ့စတင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းနှင့် ရန်ကုန် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၅**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ကို ဩဂုတ် ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၇) အဖြစ် ဩဂုတ် ၆ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်၊ ဩဂုတ် ၇ ရက်တွင် ရတနာပုံနှင့် ဧရာဝတီ၊ ဩဂုတ် ၈ ရက်တွင် မဟာယူနိုက်တက်နှင့် မြဝတီ၊ ဩဂုတ် ၁၀ရက်တွင် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီ၊ ဩဂုတ် ၁၁ ရက်တွင် အား/ကာသိပ္ပံနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဧရာဝတီနှင့် ရန်ကုန်အသင်းက ရမှတ် ၁၃ မှတ်စီ၊ မြဝတီအသင်းက ၁၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ ဟံသာဝတီနှင့် ရတနာပုံအသင်းက ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ခြောက်မှတ်၊ GFA အသင်းက သုံးမှတ်ရရှိထား၍ ရခိုင်အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ယခုတစ်ပတ်၏ စိတ်ဝင်စားစရာအကောင်းဆုံးပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ပွဲစဉ် ဖြစ်လာနိုင်ပြီး အသင်းကြီးနှစ်သင်း တွေ့ဆုံမှုထက် ရည်မှန်းချက်ကိုယ်စီဖြင့် ကစားမည့်ပွဲဖြစ်သောကြောင့် စိတ်ဝင်စားစရာကောင်းနေခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန်၊ ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်နှင့် အမှတ်ကွာဟမှုကို လျှော့ချပြီး ချန်ပီယံအိပ်မက်ကို အသက်သွင်းရန် ကြိုးစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ထိပ်တိုက်တွေ့ဆုံမှုကို အသုံးချရမည့်အသင်းမှာ ဒုတိယနေရာက ဧရာဝတီအသင်းဖြစ်သည်။ ဧရာဝတီအသင်းအနေဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန်နှင့် ရှမ်းယူနိုက်တက်ကို ဖိအားပေးနိုင်ရန် ရတနာပုံကို မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။

ယခုရာသီတွင် ခြေစွမ်းပြနေသည့် မြဝတီအသင်းသည် ထိပ်ဆုံးသုံးသင်း အမှတ်လျော့ပါက အသုံးချနိုင်ရန် ယခုပွဲတွင် အနိုင်ရရန်လိုအပ်သလို အမှတ်လိုနေသည့် ရခိုင်နှင့် ဟံသာဝတီ၊ အား/ကာသိပ္ပံနှင့် GFA အသင်းတို့၏ တွေ့ဆုံမှုများကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ခြောက်ပွဲစလုံးရှုံးထားသည့် ရခိုင်အသင်းအနေဖြင့် ပထမဆုံးနိုင်ပွဲအတွက် ရှန်းကန်မည်ဖြစ်သော်လည်း ပြိုင်ဖက် ဟံသာဝတီအသင်းမှာလည်း အမှတ်လိုနေသဖြင့် အခက်တွေ့ဖွယ်ရှိနေသည်။ ဧရာဝတီနှင့် ရန်ကုန်တို့ကို နှစ်ပွဲဆက် သရေကစားထားသည့် အား/ကာသိပ္ပံအသင်းအနေဖြင့် ဇယားထိပ်ပိုင်းသို့ တက်လှမ်းလိုပါက ယခုလိုပွဲမျိုးတွင် အမှတ်ပြည့်ရယူရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော Burmese Golf Open Junior and Professional Golf Tournament ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Professional အဆင့်နှင့် Junior အဆင့်ပြိုင်ပွဲတို့ ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး Junior အဆင့်တွင် အသက် ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက် သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ယင်း ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းမှ Professional အဆင့်နှင့် Junior ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း ၀၉-၅၁၈၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

**ကိုညီလေး**

# MNL-2 ပြိုင်ပွဲ ယနေ့ စတင်မည်ဖြစ်ပြီး ကချင်နှင့် ဒဂုံစတား တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနေရှင်နယ်လိဂ်က စီစဉ်ကျင်းပမည့် ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဩဂုတ် ၆ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး ကချင်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ အဖွင့်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယခုရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ကချင်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ တက္ကသိုလ်၊ မောရဝတီ၊ ယောမြေ၊ Junior Lions၊ Young Boys အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းစုစုပေါင်း ခုနစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ကလပ်အသင်းငါးသင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် လူငယ်လက်ရွေးစင် နှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းနှင့် ယူ-၁၆ လက်ရွေးစင်အသင်းတို့ နိုင်ငံတကာပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်နေခြင်း၊ တက္ကသိုလ်အသင်းမှာ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ပထမဆုံးရက်သတ္တပတ်တွင် တစ်ပွဲသာ ကျင်းပမည်ဖြစ်ပြီး ဒုတိယပတ်မှသာ ပုံမှန်အတိုင်းကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၁၃ ရက်တွင် ဒဂုံစတား ယူနိုက်တက်နှင့် တက္ကသိုလ်၊ ဩဂုတ် ၁၅ ရက်တွင် မောရဝတီနှင့် ယောမြေ၊ ဩဂုတ် ၁၆ ရက်တွင် ကချင်ယူနိုက်တက်နှင့် Junior Lions၊ ဩဂုတ် ၁၈ရက်တွင် တက္ကသိုလ်နှင့် Young Boys၊ ဩဂုတ် ၁၉ ရက်တွင် Junior Lions နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၆ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိလည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များအား စက်တင်ဘာ၂၈ ရက်မှ နိုဝင်ဘာ ၁၃ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်များကို သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို မြန်မာ ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၅**

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၅ ရက်က ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့၌ စတင်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း အိမ်ရှင်ဗီယက်နမ်အသင်းက ပထမပိုင်းတွင်သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မသွင်းနိုင် သဖြင့် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အုပ်စုပထမနေ့ အခြားပွဲတွင် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်း၊ အိမ်ရှင်ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

အမေရိကန်နိုင်ငံတွင် နေထိုင်သည့် Mr. Rafal ဦးစီးလုပ်ကိုင်လျက်ရှိသော ညစ်ညမ်း Website ဖြစ်သည့် Exantria Website တွင် အခကြေးငွေရယူ၍ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များအား တင်ရန် Thin Zar Wint Kyaw အမည်ဖြင့် အကောင့်ဖွင့်လှစ်ခဲ့ကြောင်း၊ သင်ဇာဝင့်ကျော်သည် ၂၀၂၁ ခုနှစ် ဩဂုတ် ၂၀ ရက်မှစတင်၍ ၎င်း Website တွင် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား အခကြေးငွေရယူ၍ Post တင်ခဲ့ကြောင်း၊ ရရှိသည့်အခကြေးငွေများအား Website မှ ၂၅ ရာခိုင်နှုန်းနှင့် Post တင်သူမှ ၇၅ ရာခိုင်နှုန်း ခွဲဝေရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ နန်းမွေစံသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလခန့်တွင် အိန္ဒိယနိုင်ငံထုတ်အလှကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ Mrs. Kumar ၏ ချိတ်ဆက်ပေးမှုအရ Exantria Website ပိုင်ရှင် Mr. Rafal နှင့် ရင်းနှီးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ Mr. Rafal ဦးစီးလုပ်ကိုင်ဖွင့်လှစ်ပေးသည့် Onlyfans Website တွင် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား အခကြေးငွေရယူ၍ Post တင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစ၍ Mr. Rafal နှင့် ထပ်မံချိတ်ဆက်ခဲ့ပြီး Exantria Website သို့ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ ထပ်မံပေးပို့၍ Post တင်ခဲ့ကြောင်း၊ အဆိုပါ Website မှ ရရှိသည့် အခကြေးငွေများအား Post တင်သူမှ ၇၀ ရာခိုင်နှုန်းနှင့် Website မှ ၃၀ ရာခိုင်နှုန်းခွဲဝေရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စိစစ်ချက်များအရ Exantria Website သို့ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များအခကြေးငွေရယူကာ လူမှုကွန်ရက်၌ ဖော်ပြနေသူများတွင် သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့အပြင် အချို့သော လိင်အသားပေးမော်ဒယ်များလည်း ပါဝင်လုပ်ကိုင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ မြန်မာအမျိုးသမီးများ စောင့်ထိန်းလိုက်နာအပ်သော ဟိရိဩတ္တပ္ပတရားကင်းမဲ့စွာဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများအား ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးစေနိုင်သည့် လိင်အသားပေး ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များအား အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ နှစ်ဦးကို အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ-၃၃(က) အရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်းနှင့် အလားတူ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများ၏ အရှက်နှင့် ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် ကိစ္စရပ်မျိုး လုပ်ဆောင်လျက်ရှိသူများအား စိစစ်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဩဂုတ် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

**(၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၁၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၆၅,၈၁၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၇၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၇၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၈) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၆၂) ခု | (၆) ဦး |
| စုစုပေါင်း | (၆,၁၇၄) ခု | (၁၂) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဩဂုတ် ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ်ရစ်မြို့နယ်၌ ဒေသခံပြည်သူ ၂၅၁၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၉၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၉၁၂၇ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်ရစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၇၃၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၇၅၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၂၈ ဦး တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၀၂၄၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၀၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၅၄၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၅၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ၊ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သော ကူးစက်ရောဂါနှင့် အခြားရောဂါများ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မကွေးမြို့ မြို့အဝင် မုခ်ဦးတည်ဆောက်ပြီးစီးမှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မကွေး ဩဂုတ် ၅

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ ရက်က မကွေးမြို့ မြို့အဝင်မုခ်ဦးတည်ဆောက်ခြင်းနှင့် မုခ်ဦး တည်ဆောက်သည့်နေရာတွင် ကတ္တရာကွန်ကရစ်လမ်းနှင့် ရိုးရိုးကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ မုခ်ဦးတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်၊ တာဝန်ခံအင်ဂျင်နီယာမှူးနှင့် ကုမ္ပဏီတာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ပြီး လုပ်ငန်းများလုပ်ဆောင်နေမှုနှင့် တင်ပြခဲ့မှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် အခြားလိုအပ်ချက်များကို မှာကြားဆောင်ရွက်သည်။

အဆိုပါ မကွေးမြို့အဝင် မုခ်ဦးအား တိုင်းဒေသကြီး၏ ထူးခြားသည့်သင်္ကေတ၊ ဝိသေသများ၊ မြန်မာ့လက်မှုအနုပညာများ ဦးစားပေးကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်လုပ်ခဲ့ပြီး မုခ်ဦးအမြင့် ၄၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ မုခ်ဦးရင်ပြင်အလျား ၁၆၅ ပေနှင့် ယာဉ်ဖြတ်သန်းသွားလာကင်းလွတ်ခွင့်အမြင့် ၂၈ ပေဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းပေါင်း ၄၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မုခ်ဦးတည်ဆောက်သည့်နေရာတွင် အကျယ် ၄၈ ပေ၊ အရှည်ပေ ၁၀၀၀ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းနှင့်အကျယ် ၄၈ ပေ၊ အရှည်ပေ ၁၀၀၀ ရိုးရိုးကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းအားလုံးကို ယခု ဩဂုတ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာမှူးထံမှ သိရသည်။

**မောင်ညီညာ**



## ရခိုင်ပြည်နယ်၌ ပင်လယ်ကမ်းရိုးတန်းသဃံဇာတထိန်းသိမ်းရေး ဆောင်ရွက်မည်

**စစ်တွေ ဩဂုတ် ၅**

ရခိုင်ပြည်နယ် ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သဃံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဩဂုတ် ၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သဃံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်း၊ လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခဲ့သည့် ဒီရေတောအပင်များ၏ ရှင်သန်မှုအခြေအနေကို ပြန်လည်စိစစ်ခြင်း၊ ရှားပါးဒီရေတောအပင်များ၏ ရှင်သန်မှုအခြေအနေကို ပြန်လည်စိစစ်ခြင်း၊ ရှားပါးဒီရေတောသစ်မျိုးဖြစ်သည့် မြိုင်ကြီးပင်များ စမ်းသပ်ပျိုးထောင်စိုက်ပျိုးခြင်း၊ ပင်လယ်ကမ်းရိုးတန်းသဃံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငါးဖမ်းလိုင်စင် ထုတ်ပေးခြင်း၊ ငါးဖမ်းရေယာဉ်များ စောင့်ကြည့်စစ်ဆေးခြင်း၊ ဒီရေတောများကင်းလှည့်စစ်ဆေးခြင်း၊ တရားမဝင်ငါးဖမ်းစက်လှေများကို အရေးယူခြင်း စသည့်ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသဃံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ပါဝင်သော အဏ္ဏဝါဗေဒဆိုင်ရာပညာရှင်နှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးစီကို ပြည်နယ်အဆင့်ကော်မတီများတွင် ထည့်သွင်းပြီး အဖွဲ့ဝင် ၂၄ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်း နယ်နိမိတ်တစ်လျှောက် လုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ တရားမဝင်လုပ်ငန်းများ စောင့်ကြပ်ကွပ်ကဲရေးတို့ကို ပုံမှန်ဆောင်ရွက်ပြီး သဃံဇာတထိန်းသိမ်းရေးအတွက် လူထု အသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ စက်မှုဇုန်အတွင်းရှိ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ရည်ရွယ်၍ ဩဂုတ် ၃ ရက်က Myanmar News Power Motor Cycle Co.,Ltd မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့ဝင်များက Myanmar News Power Motor Cycle Co.,Ltd မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ စီးပွားဖြစ် စတင်သတ်မှတ်ပေးရန် တင်ပြမှုအခြေအနေများ၊ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်း ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေး၊ လွယ်ကူချောမွေ့စေရေး အလေးထား ဆောင်ရွက်စေလိုကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် Myanmar News Power Motor Cycle Co.,Ltd မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုရာ စက်ရုံအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို စက်ရုံတာဝန်ခံက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**






## မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်

**မိုင်းယောင်း ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု ဝမ်တပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက်က အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် RCC တစ်ထပ်၊ အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်ရှိပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သဲဖြူကျေးရွာနေ အောင်ရဲလွင်သည် ၎င်းအသုံးပြုသည့် “Aung Yair Lwin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ခင်သက်မော်သည် ၎င်းအသုံးပြုသည့် “Khin Thet Maw” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် (၈) ရပ်ကွက်နေ သူရဝင်းနှင့် အမှတ် (၁၄) ရပ်ကွက်နေ နေမျိုးအောင်(ခ) ကရင်တို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Thura Win” Facebook အကောင့်နှင့် “Nay Myo Aung” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဂွမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဂွမြို့နယ် တောင်ညိုကြီးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်ပုတ်ခွဲသား ၁၁ ဒသမ ၈၅၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၉၇၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင်




ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော ကားတာယာများ၊ ကြွေပြားချပ်များ၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ ကလေးစီးစက်ဘီးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုယိုတာမတ်တူး အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် Speaker မျိုးစုံ၊ မိုဘိုင်းဖုန်းဆက်စပ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၉၈၆၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မစ်ဆူဘီရှီဖူဂူဘို အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၉၈၆၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(ဝဲပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်မာခွဲသားတန် ၂ ဒသမ ၀၇၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂ ရက်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၁) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၀၄၈၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှား အမှတ်ခွဲယူ

**ရန်ကုန် ဩဂုတ် ၅**

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ဂ) ဒုတိယနေ့ကို ဩဂုတ် ၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာနှင့် မလေးရှားအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာနှင့် မလေးရှားအသင်း အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် အရေးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးပြန်သွင်းကာ တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ဆလိုင်းအံ့ဘွယ်မောင် **(ဂိုး)**၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဘုန်းခန့်၊ ခွန်ချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ ဘရန်ဒွန်းလီ၊ ကောင်းထက်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ဩစတြေးလျကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် မလေးရှားအသင်း ဂိုးစတင်ရရှိခဲ့ပြီး မတ်ဒီဆာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မလေးရှားအသင်းက အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန်ကြိုးပမ်းလာပြီး မိနစ် ၅၀ တွင် ကောင်းခန့်ဇော်က ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန်ကြိုးပမ်းသော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အုပ်စု (ဂ) အခြားပွဲတွင် ကမ္ဘောဒီးယားအသင်းက ဩစတြေးလျအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် မလေးရှားနှင့် မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ်လေးမှတ်စီ၊ ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရထားပြီး ဩစတြေးလျအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။



**ရဲရင့်လွင်၊ ဓာတ်ပုံ-FAM**

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချလျက်ရှိသည်။

### ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်သူ (သို့) အလင်္ကာကျော်စွာ စိန်စတင်း

စာပဒေသာ ပထမဆုရရှိသည့် စာရေးဆရာ မြေလတ်မင်းလွင်၏ "ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်သူ (သို့) အလင်္ကာကျော်စွာ စိန်စတင်း" စာအုပ်တွင် မြန်မာ့ဆိုင်းဂီတလောက၌ တစ်ခေတ်တွင် တစ်ယောက် လျှမ်းလျှမ်းတောက် ထွန်းပေါက်ထင်ရှားပေသော အလင်္ကာကျော်စွာဘွဲ့ရ ဆိုင်းပညာရှင် စိန်စတင်း၏ ဘဝနှင့် ပန်တျာဂီတ ပြည့်ဝသော ဆိုင်းပညာ၊ ပီသကြည်မြသော တစ်မူထူးသည့် လက်သံ၊ ရေးဖွဲ့သည့်တေးသီချင်း၊ ဆိုင်းလောက၏အနာဂတ် စသည့် အကြောင်းအရာတို့ကို စေ့စုံစွာရေးသားထားသည်။ ရောဝတီတိုင်းမှ ထွက်ပေါ်လာသော ဆိုင်းပညာရှင် စိန်စတင်း၏ ပန်တျာဂီတ လေ့လာဆည်းပူးတီထွင်မှု၊ အံ့မခန်းသည့် လက်စွမ်းအကြောင်းရပ်တို့မှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆိုင်းလောက၏ ရှေ့ဆောင်အဖြစ် ထင်ရှားစေသူဖြစ်ကြောင်း ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအထောက်အကူပြုပြီး ခိုင်မာသောအချက်အလက်များကို စုစည်းရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကာ ရောင်းဈေးမှာ ကျပ် ၂၅၀၀ ဖြစ်သည်။

### နေနှင့် လမင်း အလင်းသစ္စာကဗျာများ

စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ ကနောင်နိုင်နွယ်ဦး၏ "နေနှင့် လမင်း အလင်းသစ္စာကဗျာများ" စာအုပ်တွင် ကဗျာ ၆၅ ပုဒ်ပါရှိပြီး အကြောင်းအရာအလိုက် အခန်းများခွဲကာ စုစည်းဖော်ပြထားသည်။ ကျေးလက်အလှ၊ ကိုယ်ကျင့်တရား၊ စာပေနှင့် ယဉ်ကျေးမှု၊ ချစ်ခြင်းမေတ္တာဖွဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးဆက်သစ်တို့ အတွေးအမြင်မှန်ကန်ရေးတို့အပြင် မြန်မာ့လယ်ယာလုပ်ငန်း၏ နွေမိုးဆောင်းအလှများကို ရသမြောက်စွာ ဖော်ကျူးရေးသားထားသော ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ရောင်းဈေးကျပ် ၃၀၀၀ ဖြစ်သည်။

### ပွဲ့ကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု

စာပေဗိမာန် စာမူဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ တင်တော်၏ "ပွဲ့ကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု" စာအုပ်တွင် ဝတ္ထုတို ၁၀ ပုဒ် ပါရှိသည်။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ ကျေးဇူးတရား၊ တာဝန်နှင့် ဝတ္တရား၊ သစ္စာစောင့်သိမှု၊ ကူညီရိုင်းပင်းမှု၊ အနစ်နာခံမှု၊ အများအကျိုးသယ်ပိုးမှု၊ ဥပဒေစည်းကမ်းလိုက်နာမှု စသည်ဖြင့် ဘဝမျိုးစုံ၊ စရိုက်အဖုံဖုံကို စာရေးသူက ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထင်ဟပ်ပြီး ရေးဖွဲ့ထားသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးဂုဏ်ရှိန်မြင့်ခြင်းတို့က လူ့တန်ဖိုးမဟုတ်ဘဲ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ကြည်ခြင်းနှင့် စိတ်နှလုံးပြည့်ဝပြီး အများအကျိုးဆောင်ရွက်ခြင်းတို့ကသာ တကယ့်စစ်မှန်သော လူ့တန်ဖိုးဖြစ်ကြောင်း၊ ကျောင်းဆရာ၊ ဆရာမများသည် တပည့်များကို စာလည်းသင်ပေးရင်း လူကိုလည်း ပြင်ပေးရကြောင်း၊ တပည့်များ၏ စွမ်းဆောင်ရည်နှင့် သင့်လျော်မည့်လမ်းကြောင်းကို မှန်ကန်စွာ လမ်းညွှန်ပြသထိန်းကျောင်းပေးနေကြရသည့် နှလုံးလှပွဲ့ကိုင်ရှင်များဖြစ်ကြောင်းကို မီးမောင်းထိုးပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ရောင်းဈေး ကျပ် ၂၀၀၀ ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး လက်ကားမှာယူလိုပါက အမှတ် ၅၂၉၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

### စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရ ဧပရယ်ယုနိုင် (ရွှေတောင်) ရေးသားသည့် "မမဆိုသောသမီးကြီး" စာအုပ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။ စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သိရသည်။

## မကွေးမြို့နယ် နွားကူးကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**မကွေး ဩဂုတ် ၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၈ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်သည့် နွားကူးကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇောဟိန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် အင်ဂျင်နီယာများက နွားကူးကျေးရွာ ကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာလမ်းကော်မတီဝင်များအား လုပ်ငန်းများအားလုံး ဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

နွားကူးကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည် ၁ ဒသမ ၄ ဖာလုံ၊ လမ်းအကျယ် ၁၄ ပေ၊ လမ်းဒု ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တိုင်း ဒေသကြီး ရန်ပုံငွေကျပ် ၁၈ ဒသမ ၈၅ သန်းဖြင့်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက တာဝန်ယူကာ ဇူလိုင် ၁၆ ရက် က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူဦးရေ၁၂၀၆ဦးကိုအကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံက သိရသည်။

**အထွေး**

## မိုးညှင်းမြို့နယ်မှ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိုးညှင်း ဩဂုတ် ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (မွမ်းမံ) ဖြင့် ညောင်ပင်သာကျေးရွာနှင့် ဘိုကုန်းကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဩဂုတ် ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက ညောင်ပင်သာကျေးရွာတွင် သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေမှုနှင့် ဘိုကုန်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(မွမ်းမံ)ဖြင့် ညောင်ပင်သာကျေးရွာ၌ အုတ်ခုံခံကွန်ကရစ်တံတားအရှည် ငါးပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်ပေကို ခွင့်ပြုငွေကျပ် ၆ ဒသမ ၈ သန်းဖြင့် လည်းကောင်း၊ ဘိုကုန်းကျေးရွာ၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ကို ခွင့်ပြုငွေကျပ် ၅ ဒသမ ၄ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းတစ်ခုစီအလိုက် ပြီးစီးနေမှုအခြေအနေများမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ကျိုက်လတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်



**ကျိုက်လတ် ဩဂုတ် ၅**

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီး ကျိုက်လတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းကို ဩဂုတ် ၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ဟိန်းလတ်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ တစ်ပိုင်တစ်နိုင်မိသားစု ဝင်ငွေရရှိစေရန်နှင့် အတတ်ပညာ၊ အသိပညာတိုးစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းတွင် လျှပ်စစ်သံဂဟေဆက်နည်းပညာများကို စာတွေ့ လက်တွေ့ ရက် ၃၀ ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'** (အပိုင်း-၆)
**၁၃:၃၀** MRTV National News
**၁၄:၂၅** Weekly MNL Review
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'တူသောအကျိုး'**
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၄၀** ပြည်သူကြားမှပြည်သူ့စကား စေ့စပ်ဖြေရှင်းဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၃၀)ဖြာမဝံလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'သိဗ္ဗဋ' နှင့် 'သောဝစဿတာ'**
**၂၁:၄၅** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:00** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:09** Weekly Review
**07:20** From Bamboo Strip to Sublime Buddha
**07:42** Myanmar Designer Studio: Khit Min
**08:00** Quiz Time (Ep-20)
**09:01** News
**09:26** Global Partnership for Brighter Future: Slovenia Pavilion at Expo 2020 Dubai
**09:32** Attractive New Destinations of Bagan
**10:02** Mote Pel Sote from Intaing Village
**10:09** The Ornithologist: Dr. Thein Aung

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မုလအိ(အပိုင်း-၁)
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းတောင်တွင်စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုးရေး
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နွားနောက်သားဆန်ပြုတ်
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(အပိုင်း-၂) (တက်ညီလက်ညီအပြိုင်လှော် ရခိုင်ရိုးရာပြိုင်လှေပွဲတော်)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထင်းရှူးတန်းကရိုက်ခံပန်း
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝရိုးရာခေါ်ပုတ်ထောင်းနည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မာတာမိခင်မပေ့စေချင်(ဇာတ်လမ်းတို)
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
တစ်နယ်တစ်ကျေးကကယားတိုရှာ
**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရဲသောင်ချောင်း
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မြန်မာ့လက်မှုပညာ ပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၅** မောမြေထဲက ပအိုဝ်းဒေသ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အာလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တံစိုးလက်ဆောင်ရယူခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
**၀၇:၀၀** ဆေးပက်ဝင်ဟင်သီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၅၀** ရွှေညာမြေမှပဲတီစိမ်း
**၀၇:၅၀** သဘောသီးနံ့အကြောင်းသိလိုပါလျှင်
**၀၈:၃၀** အာလူးစိုက်ပျိုးရေး
**၀၉:၅၀** စွမ်းစွမ်းတမံမြစ်သားခြံ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ဆက်လက်ထုတ်ချေးရေးနှင့် အချိန်စေ့လွှန်ကြွေးကျန်များ ကောက်ခံရရှိရေး ကွင်းဆင်းဆောင်ရွက်



ပဲခူး ဩဂုတ် ၅

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအား ၂၀၂၂ ခုနှစ် မိုးရာသီချေးငွေလျာထား ချက်ပြည့်မီအောင် ထုတ်ချေးရေးနှင့် ယခင်နှစ်များက တောင်သူများရယူထားသည့် အချိန်စေ့လွှန် စိုက်ပျိုးစရိတ်ချေးငွေကြွေးကျန်များ ပြန်လည်ပေးဆပ်ရေးကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်ကြရန် နယ်မြေခံတောင်သူများအား တွေ့ဆုံပြီး နှိုးဆော်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူး၊ အုတ်တွင်းနှင့် တောင်ငူမြို့နယ်တို့မှ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာအသီးသီးမှ စိုက်ပျိုးစရိတ်ချေးငွေစိစစ်ရေး ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တောင်သူကိုယ်စားလှယ်များနှင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ သွားရောက်တွေ့ဆုံကာ မိုးရာသီချေးငွေ ဆက်လက်ထုတ်ချေးရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ အမြန်ပြန်လည်ပေးဆပ်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ ၂၀၂၂ ခုနှစ် မိုးရာသီချေးငွေ ကျပ်သိန်းပေါင်း ၉၄၉၀၀ ကျော် ထုတ်ချေးရန်လျာထားပြီးဖြစ်ကြောင်းနှင့် ဩဂုတ် ၁ ရက်အထိ ငွေကျပ် ၅၈၉၂၉ သိန်းကျော် ထုတ်ချေးပြီးဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် မိုးရာသီချေးငွေများကို စက်တင်ဘာ ၃၀ ရက်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၈-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၁၀ ကျပ် | ၁၇၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀ ကျပ် | ၁၈၀၅ ကျပ် |

(ရွှေဖျိုင်းဖြူ စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၄၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၀၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၈၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၁ . ၂၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၁၁ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၅၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၁၀၀ | ၁၃၀ | ၉၂၃၀၀၀ |
| MTSH | ၂၅၀၀ | ၂၅၀၀ | ၂၅၁၇ | ၆၂၉၂၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၃ | ၉၁၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄ | ၇၂၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၂၈ | ၃၀၀၈၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၄ | ၃၄၃၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS



နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မိုးရာသီတွင်မွေးမြူသင့်သော လူ့အကျိုးပြု ခြင်စားငါး (ခေါ်) ဒေါင်းငါးမွေးမြူရေး

**ပင်လယ်ပြာ (ငါးဦးစီး)**

ဒေါင်းငါး (Guppy Fish) ဟု ခေါ်သည့် ခြင်စားငါးများသည် ခြင်သားလောင်း ဖြစ်သည့် ပိုးလောက်လမ်းများကို စားလေ့ရှိသောကြောင့် ခြင်ကြောင့် ဖြစ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်ခြေထောက် အစရှိသည့် ရောဂါများကို ကာကွယ်တားဆီးနိုင်ရန် အိမ်များရှိ ရေလှောင်ကန်၊ စဉ့်အိုးများနှင့် ကျောင်းများရှိ အုတ်ကန်များ၌ ခြင်စားငါးများကို ထည့်သွင်းမွေးမြူလေ့ရှိကြပါသည်။

**ဒေါင်းငါး၏ မူရင်းဒေသ**

ဒေါင်းငါးဟုခေါ်ခြင်းမှာ ငါး၏ ပုံပန်းသဏ္ဌာန်ကြောင့်ဖြစ်ပြီး ဒေါင်းငါးများ၏ အမြီးများမှာ ဒေါင်းငှက်များ၏ အမြီးသဖွယ် ပြန့်ကားပြီး အရောင်များ တဖျတ်ဖျတ် ဖြစ်နေသောကြောင့်ဖြစ်သည်။ မြန်မာအခေါ် ဒေါင်းငါး၊ အင်္ဂလိပ်ဘာသာဖြင့် သိပ္ပံအမည် Poecilia reticulata ဖြစ်ပြီး မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ ဖြစ်သည်။ ခြင်သားလောင်း(ပိုးလောက်လမ်း)များကို စားတတ်သည့် အလေ့အထကြောင့် ခြင်နှိမ်နင်းရန်နှင့် ငှက်ဖျားရောဂါကို ကာကွယ်ရန်အတွက် ကမ္ဘာအရပ်ရပ်သို့ သယ်ယူမွေးမြူကြရာမှ ကမ္ဘာအနှံ့အပြားသို့ ဒေါင်းငါးများ ရောက်ရှိပျံ့နှံ့သွားခြင်းဖြစ်သည်။

**ငှက်ဖျားရောဂါကာကွယ်ရေးအတွက် မွေးမြူ**

မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်အတွင်းကပင် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရ၏။ ဒေါင်းငါးမျိုးစိတ်တွင် ငါးအထီးများ၏ အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးလိုက်ခြင်း ဖြစ်ဟန်တူသည်။





**"ဒေါင်းငါးများသည် ခြင်သားလောင်း ပိုးလောက်လမ်းများကို အဓိကထား စားကြသောကြောင့် ခြင်နှိမ်နင်းရေးငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်များဥချသော ခြင်ဥများမှ တစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ် ထည့်ပေးထားရုံဖြင့် ယင်းငါးကလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားကြမည်ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်ပါသည်"**

ထိုအလှမွေး ဒေါင်းငါးလေးများသည် ရေချိုငါးမျိုးစိတ်ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန် ခံနိုင်ရည်ရှိ၍ ရေငန်အတက်အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသတို့၌လည်း ရှင်သန်နိုင်သည်။

**အကောင်လိုက်မွေးသောငါးမျိုး**

ဒေါင်းငါးလေးများတွင် အထီးသည် တစ်လခွဲ(ခြောက်ပတ်)သား၌ အရွယ်ရောက်ပြီး အမသည် သုံးလ (၁၂ ပတ်) သား၌ အရွယ်ရောက်ကာ သားပေါက်နိုင်သည်။ ဒေါင်းငါးလေးများသည် ဥဥလေ့မရှိဘဲ အကောင်လိုက်မွေးသော ငါးမျိုးဖြစ်သည်။ ဒေါင်းငါးအမများ၏ သန္ဓေဆောင်ကာလသည် ၂၂ ရက်မှ ၂၆ ရက်ရှိပြီး တစ်ကြိမ်လျှင် ပျမ်းမျှ အကောင်ရေ ၃၀ မှ ၆၀ အထိ မွေးလေ့ရှိကာ အများဆုံး ကောင်ရေ ၁၀၀ အထိ သားပေါက်နိုင်သည်။ ငါးအမသည် သားပေါက်ပြီး တစ်လခန့်ကြာလျှင် နောက်တစ်ကြိမ်ထပ်မံ၍ သားပေါက်နိုင်သည်။ ဒေါင်းငါးလေးများ၏ သက်တမ်းမှာ နှစ်နှစ်ခန့်ရှိသည်။

**သားစဉ်မြေးဆက် ခြင်နှိမ်နင်းပေး**

ဒေါင်းငါးများ၏ အစာစားသည့် အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပေါက်ပင်လေးများကို စားသည်။ အထူးသဖြင့် ခြင်သားလောင်း ပိုးလောက်လမ်းများကို အဓိကထား စားကြသောကြောင့် ခြင်နှိမ်နင်းရေးငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်များဥချသော ခြင်ဥများမှ တစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ် ထည့်ပေးထားရုံဖြင့် ယင်းငါးကလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားကြမည် ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်ပါသည်။

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီးတစ်ကောင်သည် တစ်ရက်လျှင် ခြင်လောက်လမ်း ကောင်ရေ ၃၀ ခန့်ကို စားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမတစ်ကောင်သည် ခြင်လောက်လမ်းကောင်ရေ ၆၀ ခန့်ကို စားသည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ မိမိတို့ ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများ အနီးတစ်ဝိုက်ရှိ သောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာ တိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းမွေးမြူထားသင့်ပါသည်။

**ချိုသာသည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်**

ဒေါင်းငါးများကို နီးစပ်ရာ အလှမွေးငါးအရောင်းဆိုင်များ၊ အလှမွေးငါးသားဖောက် ရောင်းချသူများထံတွင် ချိုသာသည့်ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒေါင်းငါးလေးများကို အလှမွေးငါးအဖြစ်သာမက ခြင်အန္တရာယ်ကာကွယ်သည့်အနေဖြင့်လည်း ရေကန်များအတွင်း ထည့်သွင်း မွေးမြူနိုင်ခြင်းကြောင့် လူ့အကျိုးပြု မွေးမြူရေးငါးတစ်မျိုးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကံမမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဩဂုတ် ၄ ရက်က မြို့ပေါ် ရပ်ကွက်များအတွင်း ဆောင်ရွက်ခဲ့ကြသည်။



သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သော ခြင်ပေါက်ပွားမှု မရှိစေရန် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ခြင်း၊ ဖုံးသွန် လဲ စစ် အသိပညာပေးခြင်းနှင့် ပိုးလောက်လမ်း ပေါက်ပွားမှု လျော့နည်းစေရန် ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ကျော်ဇေယျဝင်း(ကံမ)**




**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၄ ရက်တွင် တိုက်ကုန်းရပ်ကွက်အတွင်း ဆောင်ရွက်ပေးနေစဉ်။** (ညောင်ဦးမြို့နယ်၌ ခြင်ဆေးဖျန်းလိုသော ရပ်ကွက်များအနေဖြင့် အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ ဖုန်း-၀၉-၄၀၁၃၄၄၀၅၇၊ ၀၉-၈၈၀၁၅၁၁၉၁ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။)

**ဝင်းထိန်(ပြန်/ဆက်)**

# ကူးတို့ဆိပ်ကျေးရွာ၌ တည်ဆောက်မည့် ညောင်ပင်ဝိုင်းရေလွှဲဆည် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေး



**ပျဉ်းမနား ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာတွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ညောင်ပင်ဝိုင်းရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များရှင်းလင်းခြင်းနှင့် ရေသောက်ဧရိယာအတွင်းပါဝင်သည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၄ ရက်က အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ သွင်းအားစုများအား ဈေးနှုန်းသက်သာစွာထောက်ပံ့ပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရေးဆိုင်ရာကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံတောင်သူများအားလုံးကလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်းကာ ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် ထုတ်ကုန်များ ဖန်တီးထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်က ပြည်ထောင်စုနယ်မြေအတွင်း ဆည်ရေသောက်ဧရိယာများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဒေသခံတောင်သူများပါဝင်သည့် ရေအသုံးချရေးအဖွဲ့(WUG)များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ခိုင်က ညောင်ပင်ဝိုင်း ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။ ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရေလွှဲဆည်တည်ဆောက်မည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာတွင် ဆောင်ရွက်မည့် ညောင်ပင်ဝိုင်းရေလွှဲဆည်သည် အကျယ်ပေ ၁၀၀၊ အလျား ၆၈ ဒသမ ၅ ပေ၊ အမြင့်လေးပေရှိ သံကူကွန်ကရစ်ရေလွှဲဆည်အမျိုးအစားဖြစ်ပြီး ဒေသခံပြည်သူများ၏ မိုးကောင်းသောက်စိုက်ပျိုးမြေ ၁၅၆ ဧကကို ဆည်ရေသောက်အဖြစ် ပြောင်းလဲပေးဝေနိုင်မည်ဖြစ်သည်။ အဆိုပါရေလွှဲဆည်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံ ငွေကျပ် ၂၅၃ ဒသမ ၈ သန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလွင်

(ပြန်/ဆက်)

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးအပိုင်းများ၊ ဓာတ်အားချိတ်ဆက်မှုဆိုင်ရာနည်းပညာများအတွက် တွေ့ဆုံညှိနှိုင်း

**ထားဝယ် ဩဂုတ် ၅**

ကော့သောင်းခရိုင် ဆယ်မိုင်ကျေးရွာတွင် ဆောင်ရွက်မည့် Solar Power Plant စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Southern Coastline Group Co.,Ltd နှင့် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်တို့အကြား နည်းပညာအပိုင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးအပိုင်းများ၊ ဓာတ်အားချိတ်ဆက်မှုဆိုင်ရာ နည်းပညာများအတွက် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို ဩဂုတ် ၄ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က တနင်္သာရီတိုင်းဒေသကြီးသည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားသော တိုင်းဒေသကြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးသို့ National Grip မရောက်ရှိသေးသောကြောင့် ထုတ်လုပ်မှုများကို တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကော့သောင်းခရိုင် ဆယ်မိုင်ကျေးရွာတွင် Solar Power Plant ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ကုမ္ပဏီအား တိုင်းဒေသကြီးအနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ကုမ္ပဏီများအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းအပိုင်းများတွင် ညှိနှိုင်း၍ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ချိုက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး Southern Coastline Group Co.,Ltd နှင့် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့က လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## သဘာဝရေပြင်ရိုးချောင်းနှင့် မှော်ဝန်းချောင်းအတွင်း ငါးသားပေါက်များစိုက်ထည့်

**သုံးခွ ဩဂုတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရဲနွံကျေးရွာ သဘာဝရေပြင်ရိုးချောင်းနှင့် အမှတ်(၉)ရပ်ကွက် မှော်ဝန်းချောင်းအတွင်း ဩဂုတ် ၄ ရက်က ငါးသားပေါက်အကောင်ရေ ၇၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

သုံးခွမြို့နယ်တွင် ငါးသယံဇာတ မပြုန်းတီးရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှုမြင့်မားလာစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ပေးရာတွင် ရန်ကုန်-သန်လျင်သွား ကားလမ်းမဘေး ရဲနွံကျေးရွာတာထိပ် သဘာဝရေပြင် ရိုးချောင်းအတွင်း လေးထောင့်ကန်စခန်းမှ ထိုင်းငါးခုံးမငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ လှော်ကားစခန်းမှ ငါးကောင်ရေ ၂၅၀၀၀၀ နှင့် အမှတ်(၉)ရပ်ကွက် မှော်ဝန်းချောင်းအတွင်းသို့ လေးထောင့်ကန်စခန်းမှ ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းငါးအကောင်ရေ ၇၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးသည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ဒုတိယတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းဇော်လင်းနှင့်အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လေးထောင့်ကန်စခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် ဝန်ထမ်းများက သဘာဝရေပြင်ရိုးချောင်းနှင့် မှော်ဝန်းချောင်း အတွင်းသို့ ငါးသားပေါက်များ လွှတ်ပေးခဲ့ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

## မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်းနှင့် နေရပ်စွန့်ခွာယာယီစခန်းနေ ပြည်သူများအား အာဟာရနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့

**မြစ်ကြီးနား ဩဂုတ် ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် နေရပ်စွန့်ခွာယာယီစခန်းနေပြည်သူများအား အာဟာရနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ခြင်းကို ဩဂုတ် ၄ ရက်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ရာတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်ဆိုင်းနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်နှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်းသို့သွားရောက်ပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြစ် ကြက်ဥအလုံး ၃၀ ပါ ၂၅ ကတ်၊ အိုင်အိုဒင်းဆား တစ်အိတ်၊ ဗလာစာအုပ် ၁၂ ဒါဇင်၊ နှာခေါင်းစည်း ၊ လက်သန့်ဆေးရည်နှင့် ဆပ်ပြာရည်ဘူးများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ စီတာပူ (သီတာအေး) ရပ်ကွက်အတွင်းရှိ နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်း၌ နေရပ်စွန့်ခွာ အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး အိမ်ထောင်စု ၂၆ စုအတွက် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့သည့် အမျိုးသမီးအသုံးဆောင်ပစ္စည်း ၂၆ အိတ်၊ ကြက်ဥအလုံး ၃၀ ပါ ၂၆ ကတ်၊ အိုင်အိုဒင်းဆား တစ်အိတ်၊ နှာခေါင်းစည်း၊ လက်သန့်ဆေး၊ ဆပ်ပြာရည်ဘူးများနှင့် ငွေကျပ် ၂၆၀၀၀၀ တို့ကို နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

ယခုတစ်ပတ်မှာ ဘောလုံးချစ်ပရိသတ်တွေ မျှော်လင့်စောင့်စားနေတဲ့ လိဂ်ပြိုင်ပွဲတွေ စတင်ကစားတော့မှာ ဖြစ်ပါတယ်။ တန်းတက်ဖူလ်ဟမ်နဲ့ လီဗာပူး၊ စပါးနဲ့ ဆောက်သမ်တန်၊ အဲဗာတန်နဲ့ ချယ်ဆီး၊ မန်ယူနဲ့ ဘရိုက်တန်၊ ဝက်စ်ဟမ်းနဲ့ ချန်ပီယံ မန်စီးတီးအသင်းတို့ တွေ့ဆုံနေတာကြောင့် အားဖြည့်မှုနဲ့ ပြောင်းလဲမှုအောက်မှာ ဘယ်အသင်းက ရလဒ်ကောင်း ရရှိသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ရာသီသစ်အဖွင့်ပွဲမှာ ဘယ်အသင်းရမှတ်အပြည့် ရရှိသွားမလဲ




**ပရီမီယာလိဂ်ပွဲစဉ် (၁)**

| ၆-၈-၂၀၂၂ | စနေနေ့ |
|---|---|
| ဖူလ်ဟမ် - လီဗာပူး | ည ၆း၀၀ |
| ဘုန်းမောက် - ဗီလာ | ည ၈း၃၀ |
| လိဒ်စ် - ဝုဖ် | ည ၈း၃၀ |
| ကာဆယ် - နော်တင်ဟမ် | ည ၈း၃၀ |
| စပါး-ဆောက်သမ်တန် | ည ၈း၃၀ |
| အဲဗာတန် - ချယ်ဆီး | ည ၁၁း၀၀ |
| **၇-၈-၂၀၂၂** | **တနင်္ဂနွေနေ့** |
| လက်စတာ - ဘရန့်ဖို့ဒ် | ည ၇း၃၀ |
| မန်ယူ - ဘရိုက်တန် | ည ၇း၃၀ |
| ဝက်စ်ဟမ်း - မန်စီးတီး | ည ၁၀း၀၀ |

## ကာဆယ် VS နော်တင်ဟမ်

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု နော်တင်ဟမ် ၃-၁ ကာဆယ်**

ကာဆယ်ရဲ့ ကစားအားက ကျစ်လျစ်မှုရှိပြီး နော်တင်ဟမ်က ခံစစ်ကစားပုံကောင်းတယ်ဆိုပေမယ့် နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာပါ။ ကာဆယ်ရော နော်တင်ဟမ်အသင်းပါ လိုအပ်တဲ့နိုင်ပွဲဖော်ဆောင်နိုင်ဖို့ အတောင့်တင်းဆုံး ကစားသမားအင်အားနဲ့ ပွဲထွက်လာဖွယ်ရှိတာကြောင့် မမျှော်လင့်ဘဲ သရေကျနိုင်သလို ခက်ခက်ခဲခဲကစားရပြီး ကာဆယ်အသင်း ရမှတ်အပြည့်ရရှိဖွယ်ရှိတယ်။

## လိဒ်စ် VS ဝုဖ်

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု ဝုဖ် ၂-၃ လိဒ်စ်**

လက်ရှိအနေအထားမှာ နှစ်သင်းစလုံးရဲ့ ခြေစွမ်းအားရစရာ မရှိတာကို တွေ့ရတယ်။ ဒါပေမယ့် အခုပွဲစဉ်မှာ သုံးမှတ်အပြည့်ရဖို့ နှစ်သင်းစလုံးက အင်အားအတောင့်တင်းပုံစံနဲ့ပွဲထွက်လာဖွယ်ရှိတာကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဒါ့အပြင် နှစ်သင်းတွေ့ဆုံတိုင်း သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိသော်ငြား လိဒ်စ်အသင်းထက် ဝုဖ်အသင်းက ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

## လက်စတာ VS ဘရန့်ဖို့ဒ်

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု လက်စတာ ၂-၁ ဘရန့်ဖို့ဒ်**

လက်စတာအသင်းမှာ အားထားရတဲ့ ဂိုးသမား ကက်စ်ပါ ရှမိုက်ကယ် နိုက်စ်အသင်းကို ပြောင်းရွှေ့သွားပြီ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ တစ်ပွဲသာ သရေကျထားတာ တွေ့ရတယ်။ ဘရန့်ဖို့ဒ်ကလည်း ခြေစွမ်းကျစ်လျစ်မှုရှိတာကြောင့် ခက်ခက်ခဲခဲ ကစားရနိုင်တယ်။ မထင်မှတ်ဘဲ သရေကျသွားနိုင်ပါတယ်။

## မန်ယူ VS ဘရိုက်တန်

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု ဘရိုက်တန် ၄-၀ မန်ယူ**

နည်းပြသစ် တန်ဟက်လက်ထက်မှာ မန်ယူအသင်း အသင်းတည်ဆောက်ပုံ ကျစ်လျစ်လာတယ်ဆိုပေမယ့် အားနည်းချက်တွေရှိနေပါသေးတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆိုရင် နိုင်ပွဲပျောက်ဆုံးထားပြီး အသင်းတိုက်စစ်ကလည်း သုံးဂိုးသာ သွင်းယူထားနိုင်တာတွေ့ရတယ်။ ဘရိုက်တန်က ခြေစွမ်းငြိမ်တာကြောင့် မန်ယူကို ဒုက္ခပေးဖွယ်ရှိတယ်။

## ဖူလ်ဟမ် VS လီဗာပူး

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု လီဗာပူး ၀-၁ ဖူလ်ဟမ်**

လီဗာပူးအသင်းအနေနဲ့ ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲမှာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တယ်ဆိုသော်ငြား နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ စထရာဘော့အသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ထားတယ်။ ဖူလ်ဟမ်အသင်းကလည်း နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ နိုင်ပွဲပျောက်ထားတယ်။ အဖွင့်ပွဲစဉ်မှာ မျက်နှာပန်းလှဖို့ နှစ်သင်းစလုံး လူစုံတက်စုံနဲ့ ပွဲထွက်လာမှာဖြစ်ပေမယ့် ဖူလ်ဟမ်အသင်းထက် လီဗာပူးအသင်း နိုင်ပွဲရရှိဖွယ်ရှိတယ်။

## ဘုန်းမောက် VS ဗီလာ

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု ဘုန်းမောက် ၂-၁ ဗီလာ**

ဘုန်းမောက်အသင်းအနေနဲ့ ကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲ လေးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ထားတာကြောင့် ခြေစွမ်းအားရစရာမရှိဘူးလို့ ဆိုနိုင်တယ်။ ပြိုင်ဘက် ဗီလာက ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ သရေတစ်ပွဲသာ ကျထားတာကြောင့် ခြေစွမ်းကျစ်လျစ်နေတယ်လို့ ဆိုနိုင်တယ်။ ဒါကြောင့် ဘုန်းမောက်အသင်းထက် ဗီလာအသင်းရဲ့ ရှန်းအား အရာထင်လာဖွယ်ရှိတယ်။

## စပါး VS ဆောက်သမ်တန်

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု စပါး ၂-၃ ဆောက်သမ်တန်**

ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ ရာသီအကြို ခြေစမ်းပွဲအရ ဆောက်သမ်တန်အသင်းထက် စပါးအသင်း ခြေစွမ်းကောင်းမွန်နေတာ တွေ့ရတယ်။ မည်သို့ပင်ဆိုစေ ဆွန်ဟောင်မင်၊ ဟယ်ရီကိန်း၊ ရစ်ချတ်လီဆန်တို့ရဲ့ တိုက်စစ်ကို ဆောက်သမ်တန်အသင်း ဟန့်တားဖို့ ခက်ခဲဖွယ်ရှိတာကြောင့် စပါးအသင်း ရလဒ်ကောင်း ရရှိမယ်။

## အဲဗာတန် VS ချယ်ဆီး

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု အဲဗာတန် ၁-၀ ချယ်ဆီး**

ဖရန့်လမ်းပတ်ရဲ့ အဲဗာတန်အသင်းအနေနဲ့ နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့တဲ့ ချယ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ နိုင်ပွဲရရှိထားတယ်။ အဲဒီပွဲစဉ်မှာ ချယ်ဆီးအသင်းက အဲဗာတန်အသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်သေချာတဲ့ အဲဗာတန် အသင်းက အနိုင်ရရှိခဲ့တာပါ။ အခုပွဲစဉ်မှာတော့ အဲဗာတန်အသင်းထက် ချယ်ဆီးအသင်း အဖွင့်မျက်နှာပန်းလှဖွယ်ရှိတယ်။

## ဝက်စ်ဟမ်း VS မန်စီးတီး

**နောက်ဆုံးအကြိမ် တွေ့ဆုံမှု ဝက်စ်ဟမ်း ၂-၂ မန်စီးတီး**

မန်စီးတီးအသင်းက ဒီရာသီမှာ အားထားရတဲ့ စတားလင်၊ ဂျီးဆပ်စတဲ့ ကစားသမားတွေ ထွက်ခွာသွားသည့်တိုင် စုဖွဲ့မှုအားတည်ငြိမ်နေဆဲဖြစ်တာ တွေ့ရတယ်။ ပြီးခဲ့တဲ့ ကွန်မြူနတီဒိုင်းလုပွဲမှာ လီဗာပူးကို ရှုံးနိမ့်ခဲ့တယ်ဆိုသော်ငြား ဖိအားပေးကစားထားနိုင်တာတွေ့ရတယ်။ ဝက်စ်ဟမ်းကလည်း ကစားပုံမာကျောတာကြောင့် သရေကျနိုင်ပြီး မထင်မှတ်ဘဲ မန်စီးတီးနိုင်ပွဲ ရရှိနိုင်တယ်။

## ဒူးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်အထိ အနားယူရဖွယ်ရှိသည့် ကားဗက်လီဝင်




အဲဗာတန်အသင်းတိုက်စစ်ကစားသမား ကားဗက်လီဝင်သည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ရက်သတ္တခြောက်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်ကစားသမားသည် ပြီးခဲ့သည့် ရာသီကလည်း ဒဏ်ရာကြောင့် လေးလခန့် အနားယူခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် နည်းပြလမ်းပတ်သည် အသင်းမှအားထားရသည့် တိုက်စစ်ကစားသမား ရစ်ချတ်လီဆန် စပါးအသင်းကို ပြောင်းရွှေ့ပြီးနောက် ကားဗက်လီဝင် ထပ်မံဒဏ်ရာရရှိခဲ့ခြင်းက ချယ်ဆီးအသင်းနှင့်ကစားမည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အတွက် ခေါင်းခဲစရာဖြစ်လာခဲ့သည်။ လီဝင်သည် ပြီးခဲ့သည့်ရာသီက အဲဗာတန်အသင်းအတွက် ငါးဂိုးသွင်းယူပေးထားသည်။

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

- ဘုန်းမောက်အသင်းသည် ဘာစီလိုနာအသင်းမှ အသက် ၃၃ နှစ်အရွယ် ဘရာဇီးဂိုးသမား လီနိုကို ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။
- ဘာစီလိုနာအသင်းသည် ဘီလ်ဘာအိုအသင်းမှ စပိန်ခံစစ်ကစားသမား အင်နီဂို မာတီနက်ကို ခေါ်ယူလိုနေသည်။
- ဘရာဇီးကွင်းလယ်ကစားသမား မယ်လို ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာကာ ဗလင်စီယာအသင်းကို အငှားပြောင်းရွှေ့ကစားဖွယ်ရှိသည်။

■ မိုးဇက် - စုစည်းသည်



# ဒလမြို့နယ်၌ ရေဂါလန် ၁ ဒသမ ၅ သန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၅

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် နှစ်စဉ် သောက်သုံးရေရှားပါးမှုနှင့် တွေ့ကြုံနေရသည့် ဒလမြို့နယ်နေပြည်သူများ ရေပိုမိုသုံးစွဲနိုင်ရေးအတွက် သောက်သုံးရေ ပိုမိုပို့လွှတ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တာကြီးရပ်ကွက် ဒလ-တွံတေး ကားလမ်းဘေး၌လည်း ရေလှောင်ကန်နှင့် ရေတွန်း စက်ရုံတည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

အဆိုပါစီမံကိန်းကို ဒလ မြို့နယ် တာကြီးရပ်ကွက် ဒလ-တွံတေး ကားလမ်းဘေး ရန်ကုန် မြို့တော် ရေပေးဝေရေးဇုန် ၁၀ ၌ တည်ဆောက်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်း၏ ပထမအဆင့် ဘိုးပိုင်တူးခြင်း အကြိုအင်ဂျင်နီယာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တည်ဆောက်မည့် ရေလှောင်ကန်ကို ရေဂါလန် ၁ ဒသမ ၅ သန်းဆံ့ ရေလှောင်ကန်အဖြစ် တည်ဆောက်မည်ဖြစ်ပြီး သိုလှောင်ရေများကို တွန်းပို့နိုင်ရန် ရေတွန်းစက်ရုံကိုပါ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နေပြည်သူတစ်ဦးက “ရေလှောင်ကန် တည်ဆောက်နေတာ အားရစရာပါပဲ။ ရေဂါလန် ၁ ဒသမ ၅ သန်း ဆံ့မယ်။ ဒလကို ရေပေးပို့ဖို့ တွံတေးဘုရားကြီးစု ဆိုတဲ့ ရွာမှာလည်း တွံတေးတူးမြောင်းကရေကို သန့်စင်ပြီး ဒလမြို့ကို သောက်သုံးရေ ပို့လွှတ်နိုင်ဖို့ ရေသန့်စင်စက်ရုံစီမံကိန်းရှိတယ်လို့ သိရတယ်။ အဲဒီစက်ရုံတွေ တည်ဆောက်ပြီးသွားရင် အနာဂတ်မှာ ဒလမြို့ဟာ သောက်ရေ၊ သုံးရေ ပူပင်စရာမလိုတဲ့ အနေအထား ဖြစ်လာမှာပါ” ဟု ပြောသည်။

**မောင်ယဉ်ဦး**

# ငှက်သရောက်မြို့၌ စီးပွားဖြစ်နှစ်ရှည်သီးနှံ လျှော်ဖြူကို စိုက်ပျိုးသူများလာ

**ညောင်ဦး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငှက်သရောက်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအနေဖြင့် စီးပွားဖြစ် နှစ်ရှည်ပင်ဖြစ်သော လျှော်ဖြူကို စိုက်ပျိုးမှုများလာကြောင်း လျှော်ဖြူ ၁၀ ဧကကျော် စိုက်ပျိုးထားသည့် ငှက်သရောက်မြို့ အမှတ်(၂) ထန်းငယ်တောရပ်နေ ဦးအောင်ဆန်းက ပြောသည်။

ငှက်သရောက်မြို့နှင့် ပတ်ဝန်းကျင်ဒေသသည် သီးနှံစိုက်ပျိုးရေးအတွက် မိုးရာသီကိုသာ မှီခိုအားထားရသော မိုးခေါင်ရေရှားဒေသဖြစ်သည်။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် ငှက်သရောက်မြို့၌ နှမ်း၊ မြေပဲ သီးနှံမရသည့်နှစ်ကလည်း ဆယ်စုနှစ်တစ်ခုရောက်ရှိနေပြီဖြစ်ကြောင်း၊ လူငယ်များအပါအဝင် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူများမှာလည်း တဖြည်းဖြည်း ပြည်ပနိုင်ငံများသို့သွားရောက် အလုပ်လုပ်ကိုင်မှုများလာကြောင်း၊ ထိုသို့အနာဂတ် စိုက်ပျိုးရေးအတွက် စိုးရိမ်ရသည့် အနေအထားနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ကျေးလက်နေ တောင်သူများအနေဖြင့် နှစ်ရှည်သီးနှံပင်များကိုသာ စွန့်စားမှုတစ်ရပ်အနေဖြင့် ရွေးချယ်စိုက်ပျိုး လာခြင်းဖြစ်ကြောင်း ဦးအောင်ဆန်းက ဆက်လက်ပြောသည်။

ငှက်သရောက်မြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ် နှစ်လသည် ပုံမှန်မိုးရွာသွန်းလေ့ရှိ၍ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန် သင့်တော်ဆုံးဖြစ်ကြောင်း၊ လျှော်ဖြူပင်သည် အပင်ကြီးအမျိုးအစားဖြစ်ခြင်းကြောင့် ရာသီဥတုပူပြင်းသည့် ဒဏ်ခံနိုင်ကြောင်း၊ ငှက်သရောက်မြို့တွင် နှစ်ရှည် စိန်တစ်လုံးသရက်နှင့်အတူ လျှော်ဖြူပင်များကို စိုက်ပျိုးမှုများလာခြင်းကြောင့် ရာသီဥတု ကောင်းမွန်လာရန်လည်း တစ်ထောင့်တစ်နေရာမှ အကျိုးပြုမည်ဖြစ်ကြောင်း၊ အပင်များမှ လျှော်ဖြူစေးထုတ်နိုင်သည့် အဆင့်ရောက်လျှင်မူ လျှော်ဖြူစေး ထုတ်ယူပုံများနှင့် ဈေးကွက်အနေအထားများကို တောင်သူများအနေဖြင့် ထပ်မံလေ့လာကြရမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းထိန်(ပြန်/ဆက်)**


## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ အောင်ကုဋ္ဌေတိုး ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10မှ မအိဇ္ဇေဇင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်မိုး ၇/ပတန(နိုင်) ၀၈၇၇၇၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပန်းတောင်းမြို့နယ်၊ ကျီးပင်ကျေးရွာအုပ်စု အလက(ကျီးပင်) Grade-7မှ မဆောင်းဦးမေ၏ မိဘအမည်မှန်မှာ ဦးတင်ရွှေ ၇/ပတန(နိုင်) ၁၁၅၄၆၇နှင့် ဒေါ်မေစု ၇/ပတန(နိုင်) ၁၃၂၆၄၇ ဖြစ်ပါကြောင်း။


## သွေးသည် အသက်


## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 9E/7980 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)


# အောင်မြေသာစံ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၅**

မန္တလေး အောင်မြေသာစံမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၀/၂၀၂၁ နှင့် ၂၀၂၁/၂၀၂၂ ဘဏ္ဍာရေးနှစ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က (၈၆) လမ်း မြို့နယ်သမဝါယမ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် အမှုဆောင်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်ကို ဦးမောင်မောင်ကြီး၊ အသင်းသားစာရင်းအစီရင်ခံစာကို ဦးဘကြည်၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရန်ပုံငွေခွဲဝေမှုစာရင်းကို ဌာနခွဲစာရေး ဦးပိုင်ပိုင်စိုးတို့က ဖတ်ကြားတင်ပြပြီး တက်ရောက်လာသော အသင်းသားများထံမှ အတည်ပြုချက်ရယူသည်။ ယင်းနောက် အစုပေါ်အမြတ်ငွေကျပ် ၃၄၅၀၀၀ ကို အသင်းသားကိုယ်စားလှယ်အားလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော မစုသန္တာအောင်နှင့် မနန်းစုယဉ်မွန်တို့အား တာဝန်ရှိသူများကပေးအပ်ပြီး သဘာပတိမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်သူရက နိဂုံးချုပ်စကားပြောကြားသည်။

ဆက်လက်၍ လစ်လပ်သွားသော အမှုဆောင်တစ်ဦးနေရာကို ဦးထွန်းပိုင်စိုးအား ဆန္ဒပြုရွေးချယ်ပေးကြပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြောင်း သိရသည်။

**ထွဋ်းလှအောင် (မန္တလေး)**


# လပွတ္တာခရိုင်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**လပွတ္တာ ဩဂုတ် ၅**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို လပွတ္တာမြို့ အ-ထ-က(၁)ကျောင်းခန်းမ၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကားပြောကြားပြီး စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူ မယဉ်ငြိမ်းသန့်နှင့် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ လေးဦးအား ဆုများချီးမြှင့်ကာ လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်ငြိမ်းသန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/42394, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်လွင် ၁၄/ဟသတ(နိုင်)၂၅၇၂၀၀ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/18068, RATO-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ကုလား ၉/ညဥန(နိုင်)၀၂၈၈၀၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ် ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/84859, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/မထလ(နိုင်)၃၂၆၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/79192, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထူး ၇/ပခန(နိုင်)၁၇၆၉၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆၊ မြေကွက်အမှတ်-၅၁၂၊ ကျန်စစ်သားလမ်း၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးကျော်သောင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်စန်းမြင့်ဦး(၁၂/ဒဂတ(နိုင်)၀၅၉၅၆၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**

**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ (ဘားလား) ကွင်းအမှတ် ၄၉၅ (A)၊ အကွက်အမှတ် (၄၆၉) ဝယ်ယူရန် ကန့်ကွက်ရန် ရှိ/မရှိ ကြေညာခြင်း

အထက်ပါ ဦးကျန်းဒင်ချုံး အမည်ပေါက် အကျယ်အဝန်း (၁၂၀ ပေ × ၁၁၀ ပေ)ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ချပေးသည့် မြေကွက်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးကျန်ဒင်ချုံး (၁၃/တမည(နိုင်)၀၀၂၉၀၆)ထံမှဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက (၂၀-၈-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်ပါရန်နှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး B.A, R.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၂၉)

အမှတ်-၄၅၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၄၅၃၃၊ ၀၉-၅၁၅၈၄၀၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ်(၂၇)၊ (၄၄×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြမြသင်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်း၊အဆက်အစပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ဝင်းသစ်နွယ်(၁၄/ မမန(နိုင်) ၁၅၄၆၀၄)**မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေ နှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသိန်းထူး LL.B** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)

**ဦးဇော်မိုးလွင် LL.B** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၇၉၁၊

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/88900 ယာဉ်လက်ဝယ်ရှိသူSathapana Company Limited က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/29794 ယာဉ်လက်ဝယ်ရှိသူ Sathapana Company Limited က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်မြို့)

## အများသိစေရန် ကြေညာချက်

၁။ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၃၀)တွင် ၂ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof) အဆောက်အဦ ဆောက်လုပ်ရန် မြေရှင်ဦးသိန်းမြင့်၊လိုင်စင်ရကန်ထရိုက်တာဦးမြင့်ကြည် (LC-723)၊ လိုင်စင်ရအင်ဂျင်နီယာဒေါ်ချောစုစုအောင်(LS-1722)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ (၁၀-၈-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၉၃၆/၉၃၇/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်ကြည်(LC-723)မှာ ကွယ်လွန်သွားပါသဖြင့် လိုင်စင်ရကန်ထရိုက်တာဦးသိန်းထိုက်(LC-625)ဖြင့်ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုပါရန်နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်ညွှန့်ညွှန့်ထင်(RSE-Construction-2127)၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာဒေါ်ခိုင်ဇာအောင်(RSE-Structure- 3460)တို့ဖြင့် (၄)ထပ်တိုက်အဖြစ် အထပ်လျော့၍ ပုံစံပြောင်းလဲဆောင်ရွက်ခွင့် (Revised Plan) ခွင့်ပြုပေးပါရန် မြေရှင်နှင့် ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ရကန်ထရိုက်တာတို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက် အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက် အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/4698 Toyota Hiace KDH 222R, Mini Bus(4x2) အမည်ပေါက်သူ/ လက်ဝယ်ရှိသူအမည် ဦးမောင်မောင်ထွေး ၁၄/ဝခမ (နိုင်)၁၄၀၄၉၉က ဖောင်းကြွပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/4076 Toyota Hiace KDH 222R, Mini Bus(4x2) အမည်ပေါက်သူ/ လက်ဝယ်ရှိသူအမည် ဦးမောင်မောင်ထွေး ၁၄/ဝခမ (နိုင်)၁၄၀၄၉၉က ဖောင်းကြွပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်သည် ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊သီလဝါစက်မှုဇုန် (ဇုန်-ဘီ)၊ အမှတ် BH 2-2 ရှိ YUKIOH MYANMAR COMPANY LIMITED ၏ မူပိုင်အဖြစ်ရယူပြီး မှတ်ပုံတင်သွင်းထားသော လုပ်ငန်းအမှတ်တံ ဆိပ်အမည်၊ အမှတ်အသားဖြစ်ပါသည်-

YUKIOH
MYANMAR

အထက်ဖော်ပြပါ YUKIOH MYANMAR အမည်နှင့်အမှတ်အသား ကုန်အမှတ် တံဆိပ်ကို စားသောက်ကုန် ပစ္စည်းများထုတ်လုပ်ရာ တွင် ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုပြီး၊ YUKIOH MYANMAR COMPANY LIMITED ၏ တစ်ဦးတည်းမူပိုင် တံဆိပ်အ မှတ်အသားအဖြစ် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံ တစ်ဝှမ်းလုံးတွင် ဖြန့်ချီရောင်းချလျက်ရှိပါသည်။ သို့ပါ၍ ယင်း အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူ ယိုးမှားတုပပြုလုပ်သုံးစွဲခဲ့လျှင် ဥပဒေအရထိရောက်စွာ အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဦးနိုင်မင်းသန်း
(Deputy-Director) YUKIOH MYANMAR COMPANY LIMITED

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၄၈၀၊ ၀ ဒသမ ဝ၅၅ဧက၊ မြေကွက်တည်နေရာ ရေကြည်လမ်းသွယ်လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာ(ဗိုလ်မှူးဝင်းရွှေ) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သူဇာမြင့် ၁၂/အစန(နိုင်)၁၆၃၂၈၆မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံရွှေ့ပြောင်း မည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်ကိုသာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင် ခွင့်နှင့် မြေနေရာချထားပေးခံရသူများ မှီခိုစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9984 Toyota RAV4, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလတ် ၁၂/တတန(နိုင်)၁၆၀၉၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် တောင်ပိုင်း၊ အမှတ်(၈) အထက(ခွဲ) Grade-7 (B) မှ မရတနာကြိုင်ကြိုင်နှင့် မရတနာခိုင်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်အောင်ကြီး ၅/ငဇန(နိုင်) ဝ၆၂၃၃၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1942 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ် မြဝတီခရိုင်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅၃-အေ)၊ ဦးပိုင်မြေကွက်အမှတ်(၅၄၅)၊ မြေဧရိယာ(၆၀ပေx၆၀ပေ)ကျယ်ဝန်းသော အိမ်ရာမြေကွက်နှင့်ယင်းမြေကွက်ပေါ် တွင်ဆောက်လုပ်ထားသော(၅၅ပေx၅၅ပေ) အကျယ်အဝန်းရှိ နှစ်ထပ်တိုက်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အားဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူဦးဇော်ဝင်းနိုင် ၁၂/သဃက (နိုင်) ၁၅၁၃၃၉ (ဘ)ဦးတင်ရွှေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုဌေး ၁၂/လမတ(နိုင်) ဝ၂၄၁၂၃ (ဘ) ဦးငွေကြိုင်က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ အရောင်းအဝယ်ပြုလုပ်ခြင်းအား ပြီးဆုံးသည်အထိ ကျွန်ုပ်၏မိတ်ဆွေမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမိုးဇော်(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၀၂၈၁/၂၇-၁-၂၀၁၅)
အမှတ်(က/၃၆၇)၊ ဗန္ဓုလလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မြဝတီမြို့၊
ဖုန်း-၀၉-၇၈၅၅၇၅၇၂၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၀၁၊ မြေကွက်တည်နေရာအမှတ်(၁၀၁)၊ စွယ်တော်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဦးစိန်လှိုင် ISN-၀၃၀၆၃၅ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက်(ခင်ပွန်း)ဦးစိန်လှိုင်သည် ၁၉-၁၂-၁၉၉၉ရက်တွင် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်နန်းယုဆွေ ၁၂/ဗဟန(နိုင်)၀၃၃၇၆၆မှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းနှင့် အခြားအလားတူ အမွေဆက်ခံမည့် ဇနီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ (ခင်ပွန်း)ဦးစိန်လှိုင်၏ သေဆုံးမှုလက်မှတ် (ပထမမိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)၊ ဒေါ်နန်း ယုဆွေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၀၃၇/၂၀၂၀(၁၈-၈-၂၀၂၀) ရရှိသူ ဦးစည်သူအောင် ၅/စကန(နိုင်)၁၇၄၀၅၈မှ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိ ကြောင်း ကျမ်းကျိန်လွှာ၊ ၃၀-၈- ၂၀၁၃ရက်တွင် ခွင့်ပြုထုတ်ယူခဲ့သော ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံနှင့်ပတ်သက်၍ ထုတ်ယူခဲ့ခြင်းရှိ/မရှိကို အသက်အရွယ်အရ ကြီးရင့်သူဖြစ်၍ မှတ်ဉာဏ်ချို့ယွင်းမှုကြောင့် ကောင်းစွာမှတ်မိနိုင်ခြင်းမရှိတော့ပါဟု ပြောကြားချက်အရ ၎င်းမှ ဒေါ်နန်းယုဆွေကူးယူခဲ့သော အမွေဆက်ခံပိုင်ဆိုင်မြေပုံနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း GP ဦးစည်သူအောင်မှ ကျမ်းကျိန်လွှာနှင့် ဝန်ခံကတိတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ၂၇-၄-၂၀၂၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာ-၂၇)တွင် ပါရှိသော ဒေါ်ဝေဝေမြင့် (၁၂/ရကန (နိုင်)၀၂၇၀၅၅) ၏ အများသိစေရန် ကြေညာခြင်းအားပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာ၊ ကွင်းအမှတ်- ၅၀၂၊ ဦးပိုင်အမှတ် ၃၀/၃၊ ၃၃၊ မြေချိန်ဧရိယာ (၁ ဒသမ ၁၀ ဧက + ၁ ဒသမ ၁၄ဧက) စုစုပေါင်း (၂ ဒသမ ၂၄)ဧကရှိ ဥယျာဉ်ခြံမြေတို့မှာ မြို့မြေစာရင်းတွင် ဒေါ်ခင်သွယ်မြင့် ၅/မရန(နိုင်)၀၁၃၉၈၉ အမည်ပေါက်လက်ရှိပိုင်ဆိုင်သည့် မြေကွက်များ ဖြစ်ပါသည်။

အဆိုပါမြေကွက်များကို ဒေါ်ခင်သွယ်မြင့်မှ ငွေကြေးစိုက်ထုတ်ကာ သားဖြစ်သူ ဦးမင်းသွင်အား အမည်ငှားစနစ်ဖြင့်ဝယ်ယူစေပြီးနောက် အငြင်းပွားမှုဖြစ်ရာ ပုသိမ်ကြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ ၁၈-၅- ၂၀၁၆ ရက်စွဲပါအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒေါ်ခင်သွယ်မြင့်ကိုသာလျှင် ဆက်လက် လုပ်ကိုင်ခွင့်ပြုခဲ့ရာ ဒေါ်ခင်သွယ်မြင့်သာလျှင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပါသည်။

ဒေါ်ဝေဝေမြင့်၏လွှဲအပ်ချက်အရ ဦးဘိုဘိုအောင် တရားလွှတ်တော် ရှေ့နေ (စဉ်-၁၇၈၅၃)၏ ကြေညာချက်အရ အဆိုပါမြေကွက်များကို ဦးမင်းသွင်ထံမှ ဒေါ်ဝေ ဝေမြင့်က အပြီးအပိုင်ဝယ်ယူလက်ရောက် ရရှိထားဆိုသည်မှာ မှန်ကန်ခြင်းမရှိပါ။ ဦးမင်းသွင်သည် ဒေါ်ဝေဝေမြင့်သို့ ရောင်းချပိုင်ခွင့်မရှိသဖြင့် လက်ရောက်ပေးအပ် ခြင်းလည်း လုံးဝမရှိခဲ့ပါ။

ဒေါ်ဝေဝေမြင့် တရားဝင်ပိုင်ဆိုင်ခွင့်မရှိသော အဆိုပါမြေကွက်များကို မြေ အမည်ပေါက် ဒေါ်ခင်သွယ်မြင့်အပေါ် ရောင်းချ၊ ပေါင်နှံခြင်း၊ အခြားနည်း လွှဲပြောင်း ခွင့်မရှိဟု ကန့်ကွက်ဟန့်တားခြင်းမှာလည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍ ပြန်လည် ရုပ်သိမ်းပေးရန် တောင်းဆိုပါသည်။

ဒေါ်ဝေဝေမြင့်သည် ခြံစောင့် ဦးခိုင်စိုးရှိပါလျက် ၃-၇-၂၀၂၂ရက်တွင် ဒေါ်ခင်သွယ်မြင့် လက်ရှိပိုင်ဆိုင်သည့် အဆိုပါမြေကွက်ပေါ်တွင် မတရားကျူးကျော် ဝင်ရောက်ကာ ခြံစည်းရိုးကာရန်လာကြောင်း သိရှိရပါသည်။

သို့ပါ၍ ယင်းခြံစည်းရိုးကို ၂၁-၈-၂၀၂၂ ရက် နောက်ဆုံးထား ဖျက်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ ယင်းနေ့တိုင်ဖျက်သိမ်းခြင်း မရှိပါက ဥပဒေအရ ထိရောက်စွာ တရားစွဲဆိုမည်ဖြစ်ကြောင်း ဒေါ်ဝေဝေမြင့်အား သိစေအပ်ပါ သည်။

ဒေါ်ခင်သွယ်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်မောင်ဆွေ B.A (Law), LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၆၄၃)
အမှတ်-၁၇/၂၁၊ ၃၅ လမ်း (အောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ **လူနေရပ်ကွက်အမှတ်(၁) မြေတိုင်း ရပ်ကွက်(၁၀)၊ မြေကွက်အမှတ်(၈၄)(က/ခ)(၈၅)(၈၆)၊** မြေအကျယ် အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်(၃)ကွက်တွဲ အနှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောနှစ်ထပ် အဆောက်အဦး အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်ကို တရားဝင်အမည် ပေါက်ပိုင်ဆိုင်သူ **ဒေါ်ခင်မိမိတင်** ထံမှ ကျွန်ုပ်တို့က အပြီးအပိုင်ဝယ် ယူရန်အတွက် ရောင်းဖိုး ငွေ၏ တစ်စိတ်တဒေသ ကိုပေးချေပြီး ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်မာသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကြော်ငြာပါသည့် ရက်မှ(၇)ရက် အတွင်းလာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါကဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးအေးမင်း (Legal Director)
အောင်သဃာမိကုမ္ပဏီ
အမှတ်(၆၅)၊ သရက်တော(၆)လမ်း၊ ကြည့်မြင်တိုင်။
ဖုန်း - ၀၉ ၅၀၁၆၀၁၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6195 Toyota Wish, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဦး ၁၃/နခတ(နိုင်)၀၀၇၇၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက် အမှတ် ၁၁၇၇/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် ၁၆၊ (၁၈) လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတ မြို့နယ် ဦးမြဟန် (TKA-၀၂၂၈၇၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြဟန်(TKA-၀၂၂၈၇၁) ၁၂/သကတ(နိုင်)၀၃၂၇၅၇ မှ နှစ်(၆၀) ဂရန် မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံ ချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဦးမြဟန်မှ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ် သကတ/၃ (မာန်)-၀၁၈၅/၉၃(၂၂-၈-၁၉၉၃)ဖြင့် မူလက ထုတ်ပေးခဲ့သည့် ဦးမြဟန်(TKA-၀၂၂၈၇၁) အမည်ပေါက် မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

## အမည်ပြောင်း

လယ်ဝေးမြို့၊ အထက(ခွဲ) ရှားချောင်း၊ Grade-11 မှ (ဘ) ဦးအောင်နန်းဦး၏သမီး မကျောက် မိန်မိန်အား ယနေ့မှစ၍ မနှင်းသက်ဝင်း ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းသက်ဝင်း

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁) Grade-8 မှ (ဘ) စောဝင်းနိုင်၏သမီး နော်ဂျက် စမေးဖော၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၂-၂၀၀၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ ဝက်လက် ကျေးရွာနေ (ဘ)ဦးစောသန်းမောင်၏ သမီးဖြစ်သူ မမြတ်ဆန်းဝေ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၈-၁၉၉၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၂) Grade-11 (ECO) မှ မဆုပြည့်အောင် ၏ မိခင်အမည်မှန်မှာ ဒေါ်နန္ဒာစိုး ဖြစ်ပါကြောင်း။

ဒေါ်နန္ဒာစိုး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂ ဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၆၃၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးနေဝင်း အမည်ပေါက် ပါမစ်မြေကွက် အား အမည်ပေါက် ဦးနေဝင်း ၉/ပမန (နိုင်)၁၆၇၇၄၃ မှ မြေပေးစာလစ်၊ ဝန်ခံ ကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြု ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပေးမိန့် ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇန ပလာဇာ၊ မြေညီထပ်၊ ဆိုင်အမှတ် (A-37) ဆိုင်ခန်းသည် ဒေါ်စန်းရင်၁၂/ကမတ (နိုင်)၀၂၀၂၃၉ (ဘ)ဦးဝိုင်း ဝယ်ယူထားသောဆိုင်ခန်းဖြစ်ပါသည်။ ဒေါ်စန်းရင်သည် ၁၂-၇-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မောင်ဖြစ်သူ ဦးမြဝင်း ၁၂/ကမတ(နိုင်) ၀၂၀၂၃၅ (ဘ) ဦးဝိုင်းသို့ အမည်လွှဲပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယုဇနပလာဇာ (ဒု)ထပ်ရုံးခန်း
ဗညားဒလလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၁-၈၂၀၀၈၀၁၊ ၀၁-၈၂၀၀၇၈၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ရှင်စောပု၊ ဦးပိုင်အမှတ်(၁၂၅)၊ ဧရိယာ ၀ ဒသမ ၀၇၃ဧကအား ဒေါ်နော်မေ ဘယ်လ်နွေး (ဘ) ဦးဖွန်ထောင်း ၉/တကန(နိုင်)၁၈၄၀၃၄မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၈၇၁/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ဦးထာဇာ်သာရ ၁၃/ဟမန(သ) ၀၀၀၀၀၃ ၏နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ် သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၉၈၀၀၉၈

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမွေငင်းဆိုင် ၁၃/မနန (နိုင်)၀၃၀၅၇၃ ၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၆၄၃၂၄၀၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးနိုင် ၁၃/ ရစန(နိုင်)၁၀၄၃၈၇ ၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၇၄၅၅၂၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နီကိုရဲ ၁၃/ ရစန(နိုင်)၁၀၉၈၉၇ ၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၇၄၅၅၂၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ် (၅၉)၊ တတိယထပ်၊ အခန်းအမှတ်-၃၀၁/အေ (တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်ခန်း)၊ အကျယ်အဝန်း(၁၈ပေx၆၂ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူများဖြစ်သည့် (၁) ဒေါ်လာလီ ၁၂/ပဇတ(နိုင်) ၀၀၉၁၅၇၊ (၂) ဒေါ်သဇင်လွင်(ခ)ရေးနု ၁၂/ပဇတ(နိုင်)၀၀၉၇၈၆၊ (၃) ဒေါ်သီတာလွင် ၁၂/ပဇတ (နိုင်) ၀၁၄၀၀၂ တို့က အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့် အလျောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးသူ ၁၂/အလန(နိုင်) ၀၄၃၂၅၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသည့်စာချုပ်စာတမ်း များဖြင့် တရားဝင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၆၄၃)
အမှတ်-၁၇/၂၁၊ ၃၅ လမ်း(အောက်)၊ မြေညီထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ် ၄၀၊ မြေဧရိယာ ၀ ဒသမ ၀၂၈ ဧက အကျယ်အဝန်း နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်နှင်းရီ ၁၂/ဥကမ (နိုင်)၀၁၄၀၃၉၊ အမှတ်(၄၀)၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် မြို့နေသူထံမှဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ် ၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း | အမှတ် ၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/7591 FORLAND, Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၇/ပမန(နိုင်)၁၁၂၄၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

**မြေကွက်ရောင်းမည်**

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အမှတ် (၃)လမ်းမကြီးဘေး။

၀၉-၄၃၀၉၈၁၄၅

၀၉-၉၇၇၇၇၄၆၅၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောလမွန် ၁၃/တကန(နိုင်)၁၆၀၄၁၆၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၂၂၈၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ဇော် ၁၃/ဟပန(နိုင်)၀၇၂၉၆၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၁၇၄၅၅၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းလောင်မိုင်း ၁၃/ပလန(နိုင်)၀၉၆၄၈၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၁၇၄၅၅၂၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7941 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-7N/8896 (Jin Bei)၊ ယာဉ်ပိုင်ရှင်အမည်-ဒေါ်မိအုန်း ၁၃/လလန(နိုင်)၀၆၆၁၁၅သည် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/5408 Toyota Dyna BU82, L/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းထွန်း ၉/ပတခ(နိုင်)၀၃၃၃၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/53290 LIFAN, Farm Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်စိန် ၉/စကန(နိုင်)၀၆၀၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဒုတိယရုံးအဖွဲ့မှူးရာထူးအတွက်လျှောက်လွှာခေါ်ယူခြင်း

ရွှေဘုန်းပွင့်စေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် ဒုတိယရုံးအဖွဲ့မှူးရာထူး(၁)နေရာ၌ ခန့်ထားနိုင်ရေးအတွက် အောက်ပါသတ်မှတ်ချက်အားလုံးနှင့် ပြည့်စုံသူများ လာရောက်လျှောက်ထားနိုင်ကြပါသည်-

(က) ၁-၈-၂၀၂၂ရက်တွင် အသက် ၄၀နှစ်ထက်မငယ်၊ အသက် ၅၅နှစ်ထက် မကြီးသူ အမျိုးသားဖြစ်ရမည်။

(ခ) ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ပြီး၊ ဘာသာရေးအခြေခံဗဟုသုတအသင့်အတင့်ရှိသူဖြစ်ရမည်။

(ဂ) ဘွဲ့တစ်ခုခု အောင်မြင်ရရှိပြီးသူဖြစ်ရမည်။

(ဃ) စီမံအုပ်ချုပ်မှု၊ စာရင်းထားသိုမှု၊ ငွေကြေးထိန်းသိမ်းမှု အတွေ့အကြုံရှိသူကို ဦးစားပေးရွေးချယ်မည်။

လျှောက်လွှာများကို ၃၁-၈-၂၀၂၂ရက် ညနေ ၄နာရီနောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးခန်းတွင် တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဂေါပကရုံးခန်းတွင် မေးမြန်းနိုင်ပါသည်။

**ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရာဇသင်္ကြန်(၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၄၂)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ဆောက်လုပ်ထားသည့် တစ်ထပ်တိုက် (ထပ်ခိုးပါ) နေအိမ်တစ်လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူ ဦးလှမြင့်မှ ကျန်ရစ်သည့်ပစ္စည်းဖြစ်ကြောင်း ၎င်း၏အမွေကိုဆက်ခံခွင့်ရှိပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးနီတာ ၁၂/ဥကတ(နိုင်)၀၁၃၀၆၇ -ပါ ငါးဦးတို့ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား (LL.B) စဉ်-၈၁၃၀/၂၀၁၂**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**

## အမည်မှန်

ဦးကျော်တင်မြင့်၏သမီး ဖားကန့်မြို့နယ်၊ လုံးခင်း(အထက)၊ Grade-3 မှ မသော်သော်မြင့်ဟန်၏ အမည်မှန်မှာ မသော်သော်မြင့်ဟိန်းဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အမှတ် ၆၁ (က) တွင် နေထိုင်သူ ဒေါ်စန္ဒာဦး ၁၂/သလန(နိုင်)၀၉၆၃၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးဝင်းသန်း ၁၂/သဃက(နိုင်)၁၃၈၄၆၈ ၏ ဖခင် ဦးသန်းတင်နှင့် မိခင်ဒေါ်အုံးရီတို့သည် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူအပါအဝင် သားသမီးရှစ်ဦးမွေးဖွားခဲ့ပြီးနောက် မိဘများသည် အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ထို့ကြောင့် မိဘများကျန်ရစ်ခဲ့သည့် အမွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်-၆၁(၆၈ပေx ပေ၅၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အား ကာလ တန်ဖိုးသိန်း၈၀၀သတ်မှတ်ပြီး ဦးဝင်းသန်းက ရယူပိုင်ဆိုင်ရန်နှင့် အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ သဘောတူညီချက်ဖြင့် အကျိုးခံစားခွင့်အား တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ရယူခံစားမည်ဖြစ်ပါကြောင်း အမွေဆက်ခံခွင့်ရှိသူ သားသမီးရှစ်ဦးတို့မှ ၅-၃-၂၀၁၃ရက်စွဲပါ ကတိစာချုပ်ဖြင့် မိသားစုအတွင်း သဘောတူညီမှုပြုလုပ်ခဲ့ကြပြီး စာချုပ်ပါသဘောတူညီချက်အတိုင်း အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များက ရပိုင်ခွင့်တို့အား တောင်းခံလာခဲ့ပါက ဦးဝင်းသန်းမှ စိုက်ထုတ်ရမည်ဖြစ်ပါကြောင်း အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင် ရှစ်ဦး၏ သဘောတူညီချက်အရ ၅-၃-၂၀၁၃ရက်စွဲပါ ကတိစာချုပ်ဖြင့်လည်းကောင်း၊ ၃၀-၆-၂၀၁၃ရက်စွဲပါ ကတိစာချုပ်ဖြင့်လည်းကောင်း အမွေဆက်ခံခွင့်ရှိသူ ဦးရဲမြင့်အောင်(ခ)ရှဖီး၁၂/သဃက(နိုင်)၀၁၆၉၆၈ ကိုင်ဆောင်သူ ခံစားရရှိမည့် အမွေဝေစုအား ဦးဝင်းသန်းက စိုက်ထုတ်ခဲ့ပြီး အမွေဆက်ခံခွင့်ရှိသူ မိသားစုများ၏ သဘောတူညီချက်အရ စာချုပ်များဖြင့် ပြုလုပ်ချုပ်ဆို လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်တွင် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းသန်းဖွင့်လှစ်ထားသည့် သစ်ဆိုင်သည် ကွယ်လွန်သူ မိဘများ၏ အမွေပုံပစ္စည်းမဟုတ်သည်ကို သိရှိသဖြင့် အမွေဝေစုခံစားရယူခြင်း မရှိသေးသည့် မိသားစုဝင်များမှ ကန့်ကွက်ရန်မရှိကြောင်း အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များအားလုံးမှ ဝန်ခံကတိပြုခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးဝင်းသန်းသည် ၂၈-၆-၂၀၂၂ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ၏ အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေသိရှိသဘောတူညီခြင်းမရှိဘဲ အထက်ဖော်ပြပါ သဘောတူညီချက်ပြုလုပ်ခဲ့သည့်စာချုပ်တွင်ပါရှိသော အမွေပုံပစ္စည်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ခွဲဝေပိုင်းခြားခြင်း၊ အဆောက်အအုံ ဖျက်သိမ်းခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်း၊ ကန်ထရိုက်တိုက်အပ်နှံ ဆောက်လုပ်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်လာခဲ့ပါက ပြုလုပ်သူမှ နစ်နာဆုံးရှုံးမှုကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ အကျိုးခံစားရပိုင်ခွင့်တို့အား နစ်နာဆုံးရှုံးစေရန် ပြုလုပ်ခဲ့ပါက ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထိန်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၇၃/၂၀၂၁)**
**အမှတ်-၃၊ ဈေးလမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၆၂၃၃၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃက(၂၁)လမ်း၊ အမှတ်(၆၁၅)ရှိ အလျား(၆၀)ပေx အနံ(၄၀)ပေ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်၊ RCတိုက်မှအကျယ်အဝန်း ၁၇ပေ x ၅၄ပေ ရှိ ပဥ္စမထပ်-B(၆လွှာ) ဟုခေါ်တွင်သော ရေမီးအစုံပါတိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမြေရှင်ဆီမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဖူးငုံဦးဇွန်း ၅/ရဘန(နိုင်)၁၃၃၂၅၆ က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ခိုင်ခိုင်ပြုံး ၁၂/ဥကတ(နိုင်)၁၃၅၁၃၁က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံး အောင်မြင်သည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**

| | | | |
|---|---|---|---|
| **ဒေါ်ထက်ထက်အောင်(LL.B)** | **ဒေါ်ခင်ခင်ဝါ(LL.B)** | **ဦးနိုင်ဝင်းရှိန်(LL.B)** | **ဦးမင်းထက်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၄၉၂၀၉** | **စဉ် - ၅၁၃၅၈** | **စဉ်-၅၁၄၁၀** | **စဉ်-၅၁၉၉၂** |

**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇၊ ၀၉-၉၇၂၇၂၇၅၃၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ လှိုင်ဘုံသာရပ်ကွက်၊ နယ်မြေ(၃)၊ အေးသိဂီလမ်း၊ အမှတ်(၁၄၀)နေ (ဘ) ဦးစိန်ဝင်း၏ သား ဦးအောင်တေဇဝင်း ၁၃/တကန(နိုင်)၁၇၀၈၀၀၏အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းတွင် ဦးအောင်တေဇဝင့်ဟူ၍လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့်တာဝန်ခံလက်မှတ်တို့တွင် မောင်အောင်တေဇဝင်းဟူ၍လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် မောင်တေဇာဝင်းဟူ၍လည်းကောင်း၊ ဘွဲ့လက်မှတ်တွင် မောင်အောင်တေဇဝင်း(ခ)ဇာနည်ဟူ၍လည်းကောင်း အမည်လေးမျိုးကွဲလွဲလျက်ရှိပြီး ဦးအောင်တေဇဝင်း(ခ)အောင်တေဇဝင့်(ခ)တေဇာဝင်း(ခ)ဇာနည်အမည်များမှာ ဦးအောင်တေဇဝင်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ ဒသမ ၀၆၉၆ ဧက အကျယ်အဝန်းရှိ ဦးသီဟန်စိုးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်သဖြင့် လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသီဟန်စိုး(ဘ)ဦးမောင်မောင် ၉/ခအဇ(နိုင်)၀၁၄၂၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြင့်ထူး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၇၂)**
**(တတ-၄၉)၊ အိမ်အမှတ်(၁၅)၊ ၅၇ (C)လမ်း၊ ၁၂၅x၁၂၆လမ်းကြား၊**
**(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၅၅၆၀၀၆၀၊ ၀၉-၄၀၁၅၃၈၂၁၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၂၃၈

ဒေါ်နိုးဒိမ်ပါးရံ **နှင့်** ဒေါ်အားလင်

**တရားလို** **တရားပြိုင်**

ဒေါ်အားလင်၊ ၃၄လမ်း၊ ၇၃+၇၄လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ)(ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နိုးဒိမ်ပါးရံက အပ်နှံထားသောမြေအရောင်းအဝယ်စာချုပ်၊ မြေဂရန်နှင့် ဆက်စပ်စာရွက်စာတမ်းများ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄)၊ ထမွဲနဲကွင်း၊ ဦးပိုင်အမှတ် (၇၂၅)၊ မြေဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ မြေကွက်အား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၇-၂-၁၉၉၈ ရက်စွဲပါ စာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အိမ်ရာမြေကွက်များအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ခွင့်ပြုချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၇/၂၀၂၂)ဖြင့် ဦးလဘန်နော်တောင်၊ ဒေါ်ပို့ပို့အေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးလဘန်နော်တောင် ၃/ဖပန(နိုင်)၀၀၃၈၆၁၊ ဒေါ်ပို့ပို့အေး ၁၀/မဒန(နိုင်)၁၅၇၈၈၀တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ (၁၁) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ Royal Maung Bamar Condo နေ ဦးအေးကျော်မင်း ၁၂/လမန(နိုင်)၀၁၉၈၄၉ နှင့် ဒေါ်ခင်မာဝေ ၁၂/လမန(နိုင်) ၀၁၉၅၁၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအေးကျော်မင်းနှင့် ဒေါ်ခင်မာဝေတို့၏ သား မောင်ဥက္ကာမင်း ၁၂/လမန(နိုင်)၁၄၄၇၃၁ သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် သွာနုတ္တသားအဖြစ် သတ်မှတ်ပြီး ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၃၁၀၆၆၄၉၈၊ ၀၉-၇၆၉၁၄၇၇၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၄၆+၄၇)၊ (၂၀x၆၄)လမ်းထောင့်ရှိမြေကွက်သည် ဒေါ်မိနှင့် ဦးဘိုးရာ အမည်ပေါက် အခလွတ်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက် အမည်ပေါက်သူများအနက်မှ ဦးဘိုးရာသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။ မြေကွက်အမည်ပေါက်သူ ဒေါ်မိသည် ဦးလူလေးနှင့် အိမ်ထောင်ကျပြီး ဒေါ်လှရင်နှင့် ဦးတင်ထွေးတို့နှစ်ဦးအား မွေးဖွားခဲ့ပါသည်။ မိခင် ဒေါ်မိနှင့် ဖခင် ဦးလူလေးတို့မှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အသီးသီးကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူ ဒေါ်လှရင်နှင့် ဦးတင်ထွေးတို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။ ဒေါ်လှရင်သည် ဦးကစ္စနားနှင့်အိမ်ထောင်ကျပြီး တစ်ဦးတည်းသောသမီး ဒေါ်နီနီကို မွေးဖွားခဲ့ပါသည်။ မိခင်ဒေါ်လှရင်သည် ၂၀၁၀ခုနှစ်က လည်းကောင်း၊ ဖခင် ဦးကစ္စနားသည် ၂၀၀၅ခုနှစ်ကလည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်နီနီမှ အမွေဆက်ခံမည်ဖြစ်ပါသည်။ ဦးတင်ထွေးသည် ဒေါ်ခင်စိန်နှင့်အိမ်ထောင်ကျပြီး ကျန်ရစ်သည့် သားသမီး ဒေါ်နီနီ ၉/မနမ(နိုင်)၀၉၈၂၈၈၊ ဒေါ်ခင်မာဦး ၉/မနမ(နိုင်)၀၅၆၄၈၅၊ ဦးအောင်ကျော်ဦး ၉/မနမ(နိုင်)၀၆၅၄၀၆၊ ဦးပွင့်ဦး ၉/မနမ(နိုင်)၀၅၆၆၂၅၊ ဒေါ်သန္တာဦး ၁၃/လရန(နိုင်)၀၀၈၄၉၇၊ ဒေါ်ဥမ္မာဦး ၉/မနမ(နိုင်)၀၅၆၅၄၆၊ ဦးရဲလင်းဦး ၉/မနမ(နိုင်)၀၅၆၅၄၂၊ ဦးရဲထွဋ်(ခ) ရဲထွဋ်ဦး (MDYNW-၀၃၁၂၂၃)၊ ဒေါ်နီလာဦး ၉/မနမ(နိုင်)၀၀၇၀၂၀တို့က တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၈၇

ဒေါ်ဆုလာဘ်ဝင်းနိုင် **နှင့်** ဦးစိန်ဝင်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးခင်မောင်ညွန့်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်(ဠ-၁၀/၅၀)(ဂ)ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးစိန်ဝင်း (ဘ) ဦးသန်းဖေ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးခင်မောင်ညွန့်) (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဆုလာဘ်ဝင်းနိုင်က ပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဩဂုတ် ၁၈ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဩဂုတ် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၈၄

ဒေါ်ခင်ငြိမ်းချမ်းသူ **နှင့်** ဦးသောင်းညွန့်

**တရားလို** **တရားပြိုင်**

ဦးရွှေခိုင်၏ သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ တတ-၈/၅၁နေ ဦးသောင်းညွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ငြိမ်းချမ်းသူက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၁၈ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဩဂုတ် ၂ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကွင်းအမှတ်-၆(က) ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၄၇၇)၊ မြေဧရိယာ ၀ ဒသမ ၀၁၄ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၁၂/၁၉၉၂-၁၉၉၃)အရ ဒေါ်ရွှေရွှေမြင့်အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးမျိုးအောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၅/၂၀၂၂)ဖြင့် ဒေါ်နာဂါးမ(ခ) ဒေါ်လှဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နာဂါးမ(ခ)ဒေါ်လှဝင်း၆/မမန(ပြု)၀၀၀၄၄၄မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၁၄၆**

ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲ (၂) နှင့် ၁။ ဒေါ်ဝင်းဝင်းအိ
(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ၂။ ဦးမောင်မောင်ထိုက်
ဒေါ်မာလာထွန်း) ၃။ ဦးဝင်းထိုက်
၄။ မမေသူဝင်း
၅။ ကိုဟိန်းမင်းဇော်
၆။ မအဥ္စလီအေးမင်း
၇။ မဖူးမြတ်မင်း
(၄ မှ ၇ အထိ ကွယ်လွန်သူ ဦးအေးမင်း၏ တရားဝင် ကိုယ်စားလှယ်များ)
အုပ်ထိန်းသူ ဒေါ်မာလာဝင်း
၈။ ဒေါ်မီမီဇွန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၈၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက် (၁၃၈၄ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက် အမှတ် (၂၈၉)၊ ဦးပိုင်အမှတ် (၆၃+၈၄)၊ ဧရိယာ ၀ ဒသမ ၀၇၀၃+ ၀ ဒသမ ၀၆၅၅ ဧကရှိ ဂရန်မြေ(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ပတ်ကား (၂)ထပ်အဆောက်အအုံ၊ အုတ်ပတ်ကား (၁)ထပ်အဆောက်အအုံနှင့် အာရ်စီ ၄ ထပ်အဆောက်အအုံနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေးကျပ်သိန်း (၂၉၀၀၀)**

**(ကျပ်သိန်းနှစ်သောင်းကိုးထောင်တိတိ)**

**အရောင်းကြော်ငြာပြန်သွင်းရန် ၅-၉-၂၀၂၂**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅%နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ အမှတ် (၁၆၇) တွင်တည်ရှိသော ဒေါ်ခိုင်မီမီဝင်း ၁၂/လမန(နိုင်)၀၁၉၅၉၅ အမည်ပေါက်အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်သွပ်မိုး နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်အစပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်လွင် ၁၂/ဆကန(နိုင်)၀၀၁၄၄၅ ထံမှ ယင်းမြေကွက်၏ ခြေရင်းခြမ်း (အလျား ၂၀ ပေx အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်သွပ်မိုးနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန္ဒာမိုး ၈/ပခက(နိုင်)၁၉၆၉၇၃ မှ ၃-၈-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူ စရန်ပေးကတိစာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည်နှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက ကျွန်ုပ်မှ တရားဝင်ပိုင်ဆိုင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာမိုး ၈/ပခက(နိုင်)၁၉၆၉၇၃**
**၁၃/၁၄၇၊ မိုးကုတ်လမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၉၇၄၈၂၆၄၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/6440 Isuzu ELF NKR81, Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကြူ ၉/မရတ(နိုင်)၁၀၅၁၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၉၀၊ ၁၀၃)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကအား ဦးကျော်ဆွေမင်း ၅/ဒပယ(နိုင်)၀၁၀၁၃၂ (ဘ) ဦးငွေ၊ ဒေါ်ကျော့ကျော့ခိုင်စော ၇/ရတရ(နိုင်) ၀၁၁၉၅၈ (ဘ) ဦးစောမောင်မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၅၉၈/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၇**

ဒေါ်မိုးမိုးဝင်း **နှင့်** ၁။ ဦးကျော်ကျော်
၂။ ဦးမျိုးလှိုင်
၃။ မချိုချိုအေး

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံလမ်းမကြီး၊ အမှတ် (၂၁/က)နေ အမှတ်(၁) တရားပြိုင် ဦးကျော်ကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေကျပ် ၈၁ သိန်းနှင့် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၁၃၁ သိန်းရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်(၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကုန်းမြင့်သာယာလမ်း၊ အိမ်အမှတ် မ/၁၉(က)နေ ဦးမင်းမင်းခင်မောင် ၁၃/တကန(နိုင်)၂၄၇၆၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

အထက်ပါလိပ်စာနေ ဦးမင်းမင်းခင်မောင် (ဟိုက်ဂရိတ်အလူမီနီယံ-တောင်ကြီး) ၏ ဇနီးဖြစ်သူ ဒေါ်မေသူဝင်း ၇/ရတရ(နိုင်)၁၃၁၄၆၉ သည် ဦးမင်းမင်းခင်မောင်နှင့် ဟိုက်ဂရိတ်အလူမီနီယံမိသားစုတို့၏ ဂုဏ်သိက္ခာနှင့် မိသားစုဝင်များစိတ်ဆင်းရဲထိခိုက်စေမည့် ခွင့်မလွှတ်နိုင်သောအမှားများကို ကျူးလွန်ခဲ့သည့်အပြင် ၂၄-၆-၂၀၂၂ ရက်ကတည်းက ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအပေါ် ဦးမင်းမင်းခင်မောင်က တောင်ကြီးမြို့နယ်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် (၄၇/၂၀၂၂)ဖြင့်တရားစွဲဆိုထားပြီးဖြစ်သည့်အပြင် ဟိုက်ဂရိတ်အလူမီနီယံမိသားစုမှလည်း တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးမင်းမင်းခင်မောင်နှင့် ဟိုက်ဂရိတ်အလူမီနီယံမိသားစုတို့အနေဖြင့် ဒေါ်မေသူဝင်းနှင့် ပတ်သက်သည့် ငွေရေးကြေးရေးနှင့် အခြားမည်သည့် အရှုပ်အရှင်းပြဿနာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးသန့်ဇင်** **ဦးဆလိုင်းထန်းအောင်**
**(စဥ်-၅၀၇၇၂)** **(စဥ်-၅၂၄၀၂)**

**( အထက်တန်းရှေ့နေများ)**
**မြမြင့်မိုရ်ရှေ့နေရုံးခန်း**
**အဓိပတိ(တောင်ကြီး) Legal Group Co., Ltd.**
**ရ/၈၂၇၊ မြို့ပတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ မြို့မရပ်ကွက် (၂)လမ်းရှိ ဥက္ကဋ္ဌ ဟုတ်တိတ်စူဘုရားကျောင်းမှ လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ အကွက် အမှတ်(၆)၊ လက်ပံတန်းတောင်ရပ်၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ မြို့မြေအား မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်းအသစ် လျှောက်ထားခြင်းကို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ၊ ဟုတ်တိတ်စူဘုရားကျောင်း**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၅)၊ ပုဂံ(၂၇)လမ်း၊ မြေကွက်အမှတ်(၆၆၇/ခ)၊ စတုရန်းပေ(၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ မြေနှင့်အိမ်အား နှစ်(၆၀) မြေငှားဂရန် ဒေါ်တင်တင်အောင် အမည်ပေါက်ဖြစ်ပြီး ယခုလက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ဦးသိန်းထွန်း ၁၂/ဥကတ(နိုင်)၀၀၃၉၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၀၉၃)**
**အမှတ်(၅၅)၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉ ၅၀၅၃၄၂၄၊ ၀၉-၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(ပ/၁၄၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သင်းသင်းမြင့် (ခ) ဒေါ်သီဂီမြင့် (၁၂/ပဘတ (နိုင်) ၀၀၄၂၀၉)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သင်းသင်းမြင့် (ခ) ဒေါ်သီဂီမြင့် (၁၂/ပဘတ (နိုင်) ၀၀၄၂၀၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L., LL.B,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂) အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)
**Hein Htet San Law Firm** ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ Grade-3 တန်းမှ မရွှေသဇင်ဝင်း ၏ ဖခင်အမည်မှန်မှာ ဦးရန်အောင်ဝင်း ၁၃/တယန(နိုင်)၀၅၉၄၄၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF /2987 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန**
**တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ မြို့မ(၃)လမ်းမှ တသ/ဦးညီညီအောင် ၁၃/မဆန(နိုင်)၀၂၄၅၈၉ ၏ဖခင် ဦးကျော်ဝင်း(ခ) ဦးခင်မောင်ဝင်း ၇/အဖန(နိုင်)၀၁၄၄၃၆ သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9357 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/4362 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8(E) မှ မမေသဇင်ချို၏ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသန်းဇော်လေး ၆/မမန(နိုင်)၁၁၃၇၉၈ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်လေး**

## မသက်ဆိုင်ကြောင်း ကြေညာခြင်း

မြိတ်မြို့၊ ရေပုန်းရပ်ကွက်နေ ဦးအောင်မြင့် ၆/မအရ(နိုင်)၀၅၉၉၄၄ ပိုင်ဆိုင်သည့်အောင်သူထွန်း-၃ နယ်ဂုတ် LOA 79.01 စက်လှေအား ထားဝယ်မြို့၊ မြို့သစ်ရပ်၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၂၇၆)နေဦးစိုးလင်းပိုင်၁၁/သတန(နိုင်)၀၆၈၃၈၈ထံသို့ ၃-၈-၂၀၂၂ ရက်တွင် အပြီးအပိုင် လွှဲပြောင်းရောင်းချပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ စက်လှေနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့်ကိစ္စများသည် ကျွန်တော် ဦးအောင်မြင့်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်**
**ဖုန်း-၀၉-၅၆၄၀၃၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8764 Mazda Scrum DG63T, Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလောစံ (ခ) ဦးကျော်ဝင်း ၁၃/လရန(နိုင်)၀၉၈၇၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်ဖူကွမ်းရင် ၁၃/လရန(နိုင်)၀၉၃၃၃၅၊ ၃၉x၂၀-လမ်း၊ နယ်မြေ(၁၀)၊ ရပ်ကွက်(၅)၊ လားရှိုးမြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

လားရှိုးမြို့၊ရပ်ကွက်(၅)၊အမက(၁၇) ကျောင်းကွက်၊ ဦးပိုင်အမှတ် (၇၇၈+၇၇၉)၊ မြေချိန်ဧရိယာ(၁၃၆) ဧက၊ မြေကွက်(၂)ကွက်ကို ဦးကျောက်တင်ဆုံ ၁၃/လရန(နိုင်)၀၅၄၀၉၂ အမည်ဖြင့် ၂၈-၉-၂၀၁၇ မှ ၂၇-၉-၂၀၂၇ ခုနှစ်အထိ (၁၀)နှစ် သက်တမ်းရှိ ဂရန်ထွက်ရှိထားပြီးဖြစ်ပါသည်။ အထက်ပါဂရန်မြေ(၂)ကွက်ကို ကျွန်ုပ်မိတ်ဆွေက တန်ရာတန်ကြေးဖြင့် ငွေအပြေအကျေပေးချေဝယ်ယူလက်ရှိထားပိုင်ဆိုင်ထားသည့်အပြင် ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် သက်ဆိုင်ရာရုံးဌာနတို့တွင် မြေဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းခမ်းလိတ်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၀၀၈/၂၀၁၇)**
**အမှတ်(၁၆၉)၊ ရပ်ကွက်(၁)၊နယ်မြေ(၁)၊**
**ပါရမီလမ်းသွယ်(၅)လမ်း၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၇၈၄၂၇၈၇၄၃**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄ လမ်းနှင့် ၁၀၇ (အေ) ထောင့်၊ အိမ်အမှတ် င-၂/ ၄၁ နေ ဦးဖိုးစုတဲ့ ၁၃/ကခန(နိုင်)၀၁၃၃၈၀- -ဒေါ်ဘောက်ခွမ် ၁၃/လရန(နိုင်)၀၅၃၆၄၉ တို့၏မွေးစားသမီး မရီရီဝေ ၁၃/ကခန(နိုင်) ၁၁၂၃၅၁ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘညီအစ်ကိုမောင်နှမများအား အမျိုးမျိုးစိတ် ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စ၊ အခြားသော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖိုးစုတဲ့-ဒေါ်ဘောက်ခွမ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ကျိုင်းတုံခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈**

ဒေါ်ခင်မေထွန်း(ခ)နန်းစံခမ်း **နှင့်** ဒေါ်ကြည်ပြာနှင်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အရှေ့ဘက်ထောင့်၊ ကုသိုလ်တော်လမ်းသွယ် အ(၇)၊ ၅၅ လမ်း၊ ၆၅-၆၆လမ်းကြားနေ ဒေါ်ကြည်ပြာနှင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ စွန်ဆပ်ရပ်၊ ရပ်ကွက်(၁)၊ အမှတ်(၁၈)ရပ်နေ ဒေါ်ခင်မေထွန်း(ခ)နန်းစံခမ်းက ချေးယူထားငွေကျပ် ၁၅၆၅၀၀၀၀ ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက် (၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၇ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဩဂုတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စခိုင်ကျော်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9874 Suzuki Carry Da63T, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘေဘီ ၁၂/မဂဒ(နိုင်)၀၂၁၂၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၆၆၂၄၄ Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၈၀၉၂၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2133 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❏

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၃၆ / ၂၀၂၂
နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်း၌နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့် ရရှိသော နိုင်ငံခြားသုံးငွေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံခြားသုံးငွေများပြည်ပသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ကို (၃-၄-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

*စာမျက်နှာ ၂ ကော်လံ ၃* ❖

## မြန်မာအမျိုးသမီးများစောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများ လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ကို ဥပဒေအရ အမှုဖွင့်အရေးယူ


သင်ဇာဝင့်ကျော်(ခ)သင်ဇာ


နန်းမွေစံ

နေပြည်တော် ဩဂုတ် ၅

မြန်မာအမျိုးသမီးများ စောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား လူမှုကွန်ရက်တွင် အခကြေးငွေ ရယူ၍ ဖြန့်ဝေလျက်ရှိသည့် သင်ဇာဝင့်ကျော်(ခ)သင်ဇာနှင့် နန်းမွေစံတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာက စိစစ်ဖော်ထုတ်မှုများ ပြုလုပ်ခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ သင်ဇာဝင့်ကျော်သည် ၂၀၂၁ ခုနှစ် ဩဂုတ်လခန့်တွင် လိင်အသားပေး မော်ဒယ်ရှင်ယွန်းမြတ်၏ ချိတ်ဆက်ပေးမှုဖြင့်

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆

**ယနေ့ သတင်းအညွှန်း**

**(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုနှင့် နိုင်ငံအလိုက်အဆင့် ၆ ရရှိ** ပြည်တွင်းသတင်း စာ - ၁၁

**ထိုင်းနိုင်ငံ နိုက်ကလပ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ လူ ၁၃ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိ** နိုင်ငံတကာသတင်း စာ - ၁၃

**ဩဂုတ် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ** ပြည်တွင်းသတင်း စာ - ၁၅